သာေနရာမ်ားျပန္လည္ေကြ်ာလာျခင္းသတင္းေကာင္း(June 2021)
HERALD *OF HIS* COMING
ယုံၾကည္ျခင္းမရွိလ်ွင္ ဘုရားသခင္၏ စိတ္ေတာ္နွင့္ မတြန္ဳိင္(ေဟဗြဲ ၁၁း၆)

ယုံၾကည္ျခင္းလမ္းခရီးတြင္ ၾကမ္းတမ္းေသာေနရာမ်ား
(Hard Places In The Way Of Faith)

By A.B. Simpson

တမန္ေတာ္ အခန္းၾကီး ၂၇း၄၄ကို ဖတ္ရေအာင္။ ၾကြင္းေသာသူတို့သည္ပ်ဥ္ပြဲမွစ၍ သေဘၤာတန္ဆာမ်ားကိုစီးခေခြင္းဌါၿငိး၊ စီရင္လ်ေ၏။ ထို့သို့ လူအေပါင္းတို့သည္ ေဘးနွင့္လြတ္၍ ကုန္းေပၚ သို့ေရာက္ၾက၏။

ေရာမျမိဳ့သို့ရွင္ပေါလု၏ အံ့ဩဖြယ္ရာရေကြ်ာင္း ခရီးပုံပြင္တင္အခက္အခဲမ်ားနွင့္ အာင္ျမင္ျခင္းမ်ားသည္ ယုံၾကည္ျခင္းလမ္းခရီးတြင္အလင္းနွင့္ အေမွာင္မ်ားၾကဳံေတြ့ သကဲ့သို့ လူသားတို့၏ဘဝတစ္လ်ွောက္လုံးအတြက္ေကာင္းေသာသင္ခန္းစာမ်ားျဖစ္သည္။ ခက္ခဲၾကမ္းတမ္းေသာေနရာမ်ားနွင့္ကျဥ္းေျမာင္းေနရာမ်ားတြင္ဘုရားသခင္၏သဘာဝထက္လြန္ေသာအံ့ဩဖြယ္ရာ ကြ်ားဝင္အမူမ်ားနွင့္ ေထာက္ပံ့ေပးခြင္းအမူမ်ားသည္မွတ္သားဘြယ္ရာအဓိက အခ်က္ျဖစ္ပါသည္။

ယုံၾကည္သူအမ်ားစုကယုံၾကည္ျခင္းလမ္းခရီးသည္ပန္းခင္းလမ္းျဖစ္မည္၊ ဘုရားသခင္သည္ မိမိလူတို့အတြက္ျပင္ဆင္ ေပးေသာလမ္းတြင္ ခက္ခဲၾကမ္းတမ္းေသာေနရာမ်ားေရာက္သည့္အခါ သူတို့ကိုကူညီထူမမည္၊ အနည္းငယ္သာခွင့္ျပဳမည္ဟုခံယူၾကသည္။ သို့ေသ၊အမွန္ဆိုလ်ွင္၊ ၎င္းအယူအဆမ်ိဳးမ်ားသည္လက္ေတြ့အေတြ့အၾကဳံမ်ားနွင့္ဆန္ကၽင္ဘက္ျဖစ္သည္။ အခက္အခဲမ်ားၾကဳံေတြ့ ခ်ိန္မ်ားတြင္ဘုရားသခင္ကိုကၽြန္ုပ္တို့အားကိုးနိုင္သည့္အခါမ်ာျဖစ္ပါသည္။ သမ္မာက်မ္းစာထဲတြင္ ရွိေသာပုံျပင္မ်ား၊ အာဗေလမွနောက္ဆုံးမာသူရသေသာ ပုဂိၢလ္မ်ားအထိ သူတို့တစ္ခုျပီး တစ္ခု ရင္ဆိုင္ေသာစုံစမ္းျခင္းနွင့္အာင္ျမင္ျခင္းမ်ား ကသက္သေထူ စေသည္။

ယုံၾကည္ျခင္းဖခင္ၾကီးမ်ား၏ အေကြ်ာင္းအရာမ်ားကိုၾကည့္ၾကပါစို့။ အာဗြဟံသည္လည္း ဘုရား သခင္ေပးေတာ္မူေသာအလွန္ေကာင္းေသာ ကတိေတာ္ျပည္ကိုအမွေခံျခင္းငွါယုံ ၾကည္ျခင္းျဖင့္သြားခဲ့သည္။ သို့ေသ္ကတိေတာ္ျပည္ေရာက္သည့္အခါအစာေခါင္းပါးျခင္းနွင့္ အေပါင္းအသင္းကင္းမဲ့ျခင္းမ်ားကိုပထမဆုံးၾကဳံေတြ့ရင္ဆိုင္ခဲ့ သေၾကာင့္မျဖစ္မေနအဳိ၀ျစ္ျပည္ဘက္သို့

သွားရောက်နေထိုင်ရန်ဖြစ်စေခဲ့သည်။ သူ့ဘဝ တစ်လျှောက်လုံးတွင်ကျဉ်းမြောင်းရာ အရပ်များနှင့် နာကျင်မှုများရင်ဆိုင်ပြီး၊လူ့အနေဖြင့်မဖြစ်နိုင်သည့် အခြေအနေတိုင်းတွင်ကောင်းကြီးမင်္ဂလာများ လည်းစီးဆင်းလာခဲ့သည်။

ထိုမျှမက၊ ကြာဇာက်၏ဒုက္ခဆင်းရဲခြင်းလည်းရှိသေးသည်။ဖခင်ကြီးများ၏ ဘဝခရီး တစ်လျှောက်တွင် ဒုက္ခဆင်းရဲခြင်းအမှတ်အသား များ ရှိကြသည်။ သဲကန္တာရတွင်သူတူးခဲ့သောရေ တွင်းသည်လည်းအနီးအနားတွင်နေထိုင်သောသူလူများကမနာလိုကြသည်။ ထို့ကြောင့် ဝမ်းနည်း ခြင်းများနှင့် နာကျင်ခြင်းများဖြင့်သူသွားရာလမ်းတလျှောက် တွင်အမှတ်အသားကျန်ခဲ့ရာတနေ ရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ယာကုပ်အသက်တာသည် ရှည်လျားသော စုံစမ်းခြင်းများဖြင့်ပြည့်နှက်ခဲ့သည်၊ သူ့ဘဝ နောက်ဆုံးအချိန်တွင်အလင်းရောင်များထွက်လာပြီးဝမ်း မြောက်ခြင်းများဖြစ်လာ၍ သူဖြတ်သန်းခဲ့ သည့်ဘဝ ပြန်လည် စဉ်းစား သည့်အခါ၊ကျွန်တော် အသက်ရှင်သော နှစ်ပေါင်းနည်း၍ဆိုးပါ၏(က၊ ၄၇း၉)ဟုဆိုခဲ့သည်။

ယုံကြည်ခြင်းဖခင်ကြီးများထဲကတစ်ယောက် ဖြစ်သောယောသပ်သည် စုံစမ်းခြင်းများအတွက် ဖွားမြင်ခဲ့သည်နှင့်တူသည်။သူ၏အိပ်မက်နှင့်ရူပါရုံအစတို့သည်မိုးကောင်းကင်ကဲ့သို့ တောက်ပခဲ့ သည်။ သို့သော်အစ်ကိုတို့၏သစ္စာမဲ့ခြင်းနှင့်ပြစ်မှုကျိုးလွန်ခြင်းတိမ်းမဲကြီးကဖုံးအုပ်ခဲ့ပြီး၊ အခြား တိုင်းတစ်ပါး၌ နှစ်ပေါင်းများစွာကျွန်ခံခြင်း၊ အရှက်ကွဲခြင်း၊မတရားမသက်ာမှုများက၊ သူ့စိတ် ဝိညာဉ်၌ သံဆူးကြီးဝင် ရောက်သဖွယ်၊ ဖြစ်သည်အထိရင်ဆိုင်ခဲ့သည်။ ထိုနည်းတူ ရှင်ပေါလုသည် လည်းသင်္ဘောကြီးပျက်ဆီးခြင်းမှပီတိဖြစ်စရာကံကောင်းထောက်မမှုအဖြစ်အပျက်ကြုံတွေ့ခဲ့သည်။

မောရှေသည် ခါးသီးသော စုံစမ်းခြင်းနှင့်၊ ကျဉ်းမြောင်း၍ခက်ခဲကြမ်း တမ်းသောနေရာများ ဖြတ်သန်းခဲ့ရာ၊သူ့ရွေးချယ်ခဲ့သည့်အရာသည်လည်း၊ ဘုရားသခင်၏ လူတို့နှင့်အတူညှဉ်းဆဲခြင်း ခံရန် သာ၍ရွေးချယ်ခဲ့သည်၊(ဟေဗြဲ၊ ၁၁း၂၅)ဟု ကျန်တော် တို့သိရပါသည်။

ကြာသရေလလူမျိုးတို့၏ ပထမဆုံးသောရှင်ဘုရင်၊ခရစ်တော်၏ဂုဏ်ကျက်သရေနှင့်တူသောသူ၊ ရာဇပလ္လင်တော်ကိုရဖို့ရန်ကတိပေးခြင်းခံပြီး၊ဘုရင်အဖြစ်ဘိသိက်ခြင်းလည်ခံပြီးနောက်၊ ဒါဝိဒ်သည် ခါဌက်တစ်ကောင်ကဲ့သို့ယုဒတောင်ပေါ်များတွင်အမဲလိုက်သကဲ့သို့ လိုက်ရှာခြင်းကို ခံခဲ့ပြီး၊ လှိုင်ဂူများနှင့် ကန္တာရတွင်လည်းကောင်း၊ တနေရာမှတနေရာသို့ခိုအောင်းခဲ့သည်။ သူသည်သေလို့နည်းပါအဖြစ်မှ ခဏခဏ ကယ်ဆယ်ခြင်းကိုခံခဲ့ရသည်။

သို့သော်သူကိုယ်တိုင်ပေးခဲ့သောကြီးမားသောပုံသက်သေများကိုကျွန်တော်တို့ဆက်လက် လေ့လာသင့်သည်။သူသည်ဝမ်းနည်းခြင်းလူသား၊ ဟုခေါ်ဝေခြင်းခံသောသူ၊ ဝေဒနာများခံခြင်းဖြင့် သူ့ အသက်တာသည်စုံလင်ခဲ့သည်။ ဟေရှဒ်မင်း၏သွေးစွန်းသတ်ဖြတ်ခြင်းကြောင့်သူသည် နို့စို့အရွယ်တွင် လွတ်မြောက်ဖို့ရန် အီဂျစ်ပြည်သို့မဖြစ်မနေ ထွက် ပြေးခြင်းခံခဲ့သည်။ လူသားများ

းအားလုံးကယ်တင်ခြင်းကိုပြည့်စုံစေဖို့ရန်ကားတိုင်နှင့် ဥယျဉ်ထဲတွင်ပြင်းထန်သောနာကျင်မှုများကို မရှောင်နိုင်ခဲ့ပါ။

သခင်ယေရှုကဲ့သို့၊ကြီးမားသောတမန်တော်ပေါလုသည်လည်းဘုရားသခင်၏ သားသမီးများကနာကျင်ခြင်းဝေဒနာများကိုဘယ်လောက်အထိခံနိုင်သနည်းဟုပြသရန်ပုံသက်သေ ကောင်းထက်ပိုသည်။ သူပြောင်းလဲပြီးနောက်ပထမဆုံးရင်ဆိုင်ကြုံတွေ့သောအရာသည် ဤကဲ့သို့ဖြစ်သည်။ ဒမာသက်မြို့တွင်ခရစ်တော်အကြောင်းအရာကိုသူဟောပြောသောကြောင့် ဂျူးလူမျိုးများကသူ့ကိုညှဉ်းပန်းနှိပ်စက်ရန်လိုက်လံရှာဖွေကြသောကြောင့်လွတ်မြောက်ရန်ထွက်ပြေးခဲ့သည်။ သို့သော်ရန်သူများလက်မှ လွတ်မြောက်စေခြင်းငှါ ကောင်းကင်တမန်များက မြင်းစီး ရထားကြီးဖြင့်၊ ရန်သူများမမှီနိုင် အောင်မိုးကြိုးပစ်များထဲတွင်သန့်ရှင်းသောတမန်တော်ကိုလာရောက် ချီဆောင်လာခြင်းကိုကျွန်တော်တို့မတွေ့ပါ။သို့သော်၊တောင်းထဲ၌ထည့်ပြီးပြတင်းပေါက်မှထုတ်၍၊ မသက်မြို့ရိုးပေါ်မှ တပည့်တော်တို့ ကလျှော်ချသဖြင့်ပေါလုသည်ရန် သူလက်မှထွက်ပြေး လွတ် မြောက်ခဲ့ပါသည် (၂ကော၊ ၁၁း၃၃)။ လျှော်ဖို့ရန်ခြင်းတောင်းထဲသို့ထည့်ထားသောဟောင်းနွမ်းသော အဝတ်အစားထုတ်သို့မဟုတ်ဟင်းသီးဟင်းရွက်ကဲ့သို့ သခင်ယေရှု၏အစေခံတပါး၊ ရန်သူများလက်မှလွတ်ရန်အရှက်ကွဲစွာပြတင်းပေါက်မှ ပစ်ချခြင်းခံခဲ့သည်။

ထို့အပြင်သူသည် မြေအောက်အကျဉ်း စခန်းထဲတွင်အထီးကျန်လပေါင်းများစွာ ချုပ်ထားခြင်းခံရခဲ့သည်ကိုလည်းကျွန်ုပ်တို့တွေ့ပါသည်။သူ အစာရှောင်ခြင်းနှင့်သူ၏မိတ်ဆွေများကစွန့်ခွာခဲ့ကြောင်း၊ သူ့ကိုစောင့်သောသူများကိုပြောပြပြီး၊ သူ၏ ရူပါရုံတွင်ကယ်နှုတ်ခြင်းခံမည်အကြောင်းကို ဘုရား သခင်ကကတိတော်ပေးခဲ့ပြီးဖြစ်သော်လည်း လူစုလူဝေးများရှေ့တွင်လူမဆန်စွာ ရိုက်နှိုက်ခြင်းများကိုကြုံတွေ့ခဲ့သည်။လေးရက်လုံးလုံးပင်လယ်ထဲတွင်မုန်တိုင်း၏ရိုက်ခက်ခြင်းများ၊ သင်္ဘောသားများ၏ သစ္စာဖောက်ခြင်းကိုလည်းရင်ဆိုင်ခဲ့သည့်အပြင်သူတို့သည် ခရီးသည်များ ကယ်လွတ်ခြင်း အတွက်မရှိမဖြစ်လိုအပ် ကြောင်းကိုသင်္ဘောသား များကိုပြောခဲ့သည်။

နောက်ဆုံးအနေဖြင့်လွတ်မြောက်ခြင်းရောက်သည့်အချိန်တွင်အကျဉ်းသားများကို ကယ်မရန် စစ်လှေကြီးများကောင်းကင်မှစေလွှတ်ပေးခြင်းမျိုးမ တွေ့ရှိပါ။ ကောင်းကင်တမန်များလည်းပင်လယ်ပေါ်တွင်လျှောက်လာကြသောကြောင့်လယ်ရေပေါ်၌လှိုင်းလုံးကြီးများကို ငြိမ်သက်စေခြင်းမျိုးလည်းမဖြစ်ပါ။ သဘာဝထက်လွန်ကဲသောနိမိလက္ခဏာလည်းဆင်းသက်လာသည်မဟုတ်။ သို့သော်သင်္ဘောပျက် သောကြောင့်ပျက်စီးသောပျဉ်ချပ်ကိုတစ်ယောက်ကဖမ်းကိုင်၊

ဗနာက်တစ်ယောက်သဘော်အပိုင်း အစလေးအပေါ်တက်၊ပြီးမှနောက်တစ်ယောက်ကသူ့အသက်ရှင်ဖို့အတွက် အားစိုက်ရေကူးဖို့ရန်မဖြစ် မနေ အခြေအနေသို့ရောက်ခဲ့ကြသည်။ 'ကြွင်းသောသူတို့သည် ပျဉ်ပြားမှစ၍သဘော်ာ တန်ဆာများကိုစီးဝေခြင်းငှါငင်း၊ စီရင်လေ၏။ ထိုသို့လူအပေါင်းတို့သည်ဘေးရှင့်လွတ်၍ ကုန်းပေါ်သို့ရောက်ကြ၏ဟုသာမည်ဖြစ်သောပုံပြင်လေးကို ကျွန်တော်တို့ဖတ်နိုင်သည်။

ကျွန်ုပ်တို့အတွက်ဘုရားသခင်၏နည်းလမ်း

ချစ်သူတို့၊ ဤလောကမှာနေ့စဉ်ဖြစ် ရပ်မှန်နှင့်သာမန်ပတ်ဝန်းကျင်များအကြားတွင် နေထိုင်သောသူများ၊တကယ့်လက်တွေ့အသက်တာမှာအကူအညီလိုအပ်သောထောင်ပေါင်းများစွာလူတို့ကိုကူညီနိုင်ရန် သတင်းကောင်းဖြစ်ပါသည်။ ဘုရားသခင်၏ ကတိတော်များနှင့် ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်ခြင်းကကျွန်တော်တို့အားလုံးကရင်ဆိုင် သောအခက်အခဲများနှင့် အခြေအနေများမှမကယ်နှုတ်ပါ၊ သို့သော် ဤအရာများအားဖြင့် ကျွန်တော် တို့၏ ယုံကြည်ခြင်းကိုစုံလင်စေပြီး၊ ကျွန်တော်တို့နေ့စဉ်အသက်တာမှာဘုရားသခင်၏ချစ်ခြင်းမေတ္တာကြောင့်ကျွန်တော်တို့ကိုသူ၏ ရွှေချည်မြွေများဖြင့်ရစ်ပတ်လျက်၊ကျွန်တော်တို့ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်များကိုပြုပြင်ပေးခဲ့သည်။

သာမညဖြစ်သောအရာကိစ္စများတွင်လည်း ဘုရားသခင်ကလာရောက်ကူညီကြောင်းသိနားလည်သည့်အခါကျွန်တော်တို့အတွက်အကျိုးကျေးဇူးများရှိသည်။ ကျွန်တော်တို့ကိုထောင်ပေါင်းများစွာသောအခက်အခဲများဖြင့်ဝန်းရံပြုလျှင်သူသည် ကျွန်တော်တို့ကို မကူညီဘဲမနေဘူး၊ အလွန်ကျဉ်းသောရေလက်ကျားထဲတွင်ကျရောက်၍လွတ်မြောက်ရန်မျှော်လင့်ခြင်းမရှိလျက်၊ဖျက်ဆီးခြင်း၊ ဘေးအန္တရာယ်မှလွတ်ရန် ဆုတောင်းသည့်အခါသူသည် ကျွန်တော်တို့ကိုမစသည်။

ထို့ကြောင့်ဘုရားသခင်သည် ကျွန်ုပ်တို့၏ လမ်းခရီးကို ခက်ခဲကြမ်းတမ်းအောင်ဖြစ်စေလျှင် ကျွန်တော်တို့ စိတ်ပျက်စရာအကြောင်းမရှိပါ။ သူသည်ရွှေ့လျားသော တိမ်တိုင်ကဲ့သို့ ကျွန်တော်တို့နှင့်အတူထွန်းလင်း တောက်ပပြီး၊အလုပ်လုပ်၍၊တပည့်တော်များနှင့် အတူ ရိုးရှင်းစွာအတူဧမောက်ရွာသို့ရိုးရှင်းစွာလမ်းလျှောက်သကဲ့သို့-တပည့်တော်တို့သည်သူ၏နူးညံ့သောစကားများနှင့် အံ့သြဖွယ်သွန်သင်ချက်များကြောင့်သူတို့၏ စိတ်နှလုံးတွင်လောင်ကျွမ်းသည်အထိ၊သခင်ဖြစ်ကြောင်း မသိနားမလည်နိုင်ကြပါ။

ခက်ခဲကြမ်းတမ်းရာအရပ်များတွင်သူ့ကိုမှတ်မိ သတိရကြရအောင်။ သေးငယ်သောအရာများတွင်လည်း သူ့ကိုတွေ့မြင်ကြရအောင်။ သာမညဖြစ်သော အရာများတွင်လည်းကျွန်တော်တို့အသက်တာ ရည်မှန်းချက်များပြည့်စေရန်ကျွန်တော်တို့၏ ဆုတောင်းခြင်းများအတွက် သူပေးသော

အဖြေများကို လက်ခံကြရအောင်။ ထိုအခါအရာ အားလုံးသည် သန့်ရှင်းလာပြီး၊ ကျွန်တော်တို့၏ အသက်တာသည် လည်းတနေ့နေ့တွင် အမြင့်မြတ်ဆုံးသို့ရောက်မည်ဖြစ် ပါသည်။ အမျိုးမျိုးသော ဆူးပင်အရာ၌ထင်းရူးပင်နှင့်မုရတုပင်တို့သည်ပေါက်ကြလိမ့်မည်။ထိုအမှုသည်ထာဝရ ဘုရားရှေ့တော်၌ အောက်မေ့ဖို့ရာ၊ မပျောက်ပျက် ရသောထာဝရသက်သေဖြစ် လိမ့်မည်(ဟေရှာ၊ ၅၅း၁၃)။

ကျွန်ုပ်တို့၏ အားနည်းခြင်းများနှင့် ကျဆုံးခြင်းများ

ကျွန်ုပ်တို့၏ အားနည်းခြင်းများနှင့်ကျဆုံးခြင်း များကိုဖော်ပြရန်ရန် ခက်ခဲကြမ်းတမ်းသော အရာများသည်တန်ဖိုးရှိသောအရာများဖြစ်ပါသည်။ ထိုခက်ခဲ အရာများသည် ဝိညာဉ်ရေးတွင် နက်ရှိုင်းစေရန် ဘုရားသခင်ဖြစ်စေသောကြီးမားသော လေးပြင်း တိုက်ခိုက် ခြင်း ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့၏ အသက်တာတည်ဆောက်ရန်နှင့် အကျင့်စာရိတ္တများတိုးတက် ကောင်းမွန်စေရန်ဖြစ်သည်။ စစ်ဆေးစမ်းသပ်ခြင်း မလာမခြင်း ကျွန်တော် ၏တို့၏ အရည်အချင်းများနှင့် အရေအသွေးကောင်း များပိုင်ဆိုင်သည်ကိုမသိ နားမလည်နိုင်ကြပါ၊ ထိုအခါ စိတ်အားထက်သန်မှုများနှင့် စိတ်ဓါတ်တက်ကြွမှုများအရှိန်မြင့်တက်လာသည့်အခါယုံကြည်ခြင်းနှင့် ရဲရင့်ခြင်းတို့သည် လည်းတောက်လောင်လာသည်။ထိုအခါကျွန်တော်တို့အသက်တာသည်လည်း ဘာမှမဖြစ်သည့် အခြေအနေနှင့်အကူအညီမဲ့သည့် အခြေအနေမှခရစ်တော်တစ်ဦးတည်ထံ၌ ဆက်ကပ် အပ်လာနှံလာသည့်အခါသူသာလျှင်အားလုံး၏ အလုံးစုံဖြစ်တော်မူသည်ကိုတွေ့မြင်စေသည်။

ယာကုပ်၏ စုံစမ်းခြင်းသည်၊ ငါဆိုသည့်၊စိတ် သဘောထားကိုအဆုံးသပ်စေရန်ဖြစ်သည်။ ထိုနည်းတူ၊ ယောဘ၏ဝေဒနာခံခြင်းရည်းရွယ်ချက်သည်လည်းမိမိကိုဖြောင့်မတ်သော သူဖြစ်သည်ဟု ယုံကြည်ကိုးစားခြင်းကိုရပ်တပ်စေရန်ဖြစ်သည်။ ပေတရု၏ကျဆုံးခြင်းမှကောင်းကြီးမင်္ဂလာသည်လည်းစီးဆင်းလာ၍၊ သူ၏မာနနှင့်သူ့ကိုယ်သူယုံကြည်စိတ်ချမှုများကိုလည်းချိုးဖဲ့ပေးပြီး၊ ခရစ်တော်ထံသို့နည်းခံရန်၊ ခရစ်တော်၌ခွန်အားယူရန်တွန်းပို့ခဲ့သည်။

ဒီလိုနည်းအားဖြင့်သခင်ခရစ်တော်သည်သင်၏ခွန်အားသည်မှားယွင်းကြောင်းနှင့်ခဲ့ကားခြင်းသာဖြစ်ကြောင်းကိုသေချာလက်ခံယုံကြည်စေလိုပြီး၊ ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏(ဂလ၊၂း၂၀)ဟူ၍ သင်ဝန်ခံထွက်ဆိုနိုင်သည် အထိပို့ဆောင်လိုသည်။

ဘုရားသခင်၏ ခံ့လင်တော်မူခြင်း။

ဘုရားသခင်၏အင်းအားများကို ကျွန်တော်တို့သိမြင်နိုင်စေရန်ခက်ခဲကြမ်းတမ်း သောအရာများက အထောက်အကူပြုသည်။ ခက်ခဲခြင်းအခြေအနေများဖြင့်သာ ဘုရားသခင်၏ စုံလင်တော်မူခြင်းကို ကျွန်ုပ်တို့သိခွင့်ရှိသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းကျေးဇူးကိုမြင်တွေ့ရန်

ကျွသရေလလူမျိုးတို့သည်ငြိမ်ဝပ် စွာရပ်နေရမည်။ သူတို့၏လှုပ်ရှားမှုများ ရပ်တန့်သည့် အခါ ဘုရားသခင်၏ ဘုန်းတန်ခိုးထင်ရှားခဲ့သည်။ အဘယ်ကြောင့်သူတို့သည် သဲကန္တာရတွင် ပို့ဆောင် ခဲ့သနည်း၊သဘာဝထောက်ပံ့ကူညီမှုများလုံဝမရှိသည့် နေရာသို့ပို့ဆောင်ရခြင်းအကြောင်းရင်းသည် သူတို့ လိုအပ်ချက်များအားလုံးအတွက်သူကိုယ်တိုင်သည် လုံးလောက်သောသူဖြစ်ကြောင်း၊ လူသည်မုန့်အားဖြင့် သာအသက်ကိုမွေးရသည်မဟုတ်။ဘုရား သခင်မိန့် တော်မူသမျှ အားဖြင့် အသက်မွေးရသည်ကိုသိစေတော်မူ၏ (တရား၊စ၊၃) သိနားလည်စေရန်ဖြစ်သည်။ ကျွန်တော်တို့ အရမ်းလိုအပ်သည့်အချိန်ရောက်သည့်အခါဘုရားသခင်သည်စစ်မှန်ကြောင်း၊ ခက်ခဲသောအခြေ အနေများသည် ကျွန်တော်တို့ထောက်ပံ့ရန်အခွင့်ကောင်းဖြစ်သည်။သူ၏မကုန်ခန်းနိုင်သောပညာ၊ ဘုန်းတန်ခိုးနှင့်ကျေးဇူးတော်များကိုပြသရန် တန်ဆာဗလာအခွင့်ထူးဖြစ်သည်။

တမန်တော်ရှင်ပေါလုကကျွန်ုပ်တို့ကို သင်ပေး သောအရာသည်၊ ခရစ်တော်ဘုန်းတန်ခိုးသည် သူလိုအပ်သည်အလျှောက် သူ့ပေါ်သို့ သက် ရောက် ရန် အမျိုးမျိုးသောဘေး ဒုက္ခများကိုရင် ဆိုင်ကြုံတွေ့ရခြင်းဖြစ်သောကြောင့် ဘုရားသခင်ကသူ့လိုအပ်သည့် အရာများကိုထောက်ပံ့ရန် အသစ်သောအချိန်အခါများကိုသူသည်ကြုံဆိုခဲ့ကြောင်း၊ ငါ့၏ ကျေးဇူးသည်သင့် အဖို့လောက် ပေ၏ (၂ကော၊ ၁၂း၉) ဟုပြောပြ နိုင်ဖို့ရန်အခွင့်ကောင်းဖြစ်သည်။

ချစ်သူတို့၊သူသည်ကျွန်တော်တို့အသက်တာမှာတန်းတူညီတူကူညီ ထောက်ပံ့ကြောင်းကို ကျွန်တော်တို့သက်သေပြနိုင်သလား။ ကျွန်တော်တို့ဘုရား သခင်ကကျွန်ုပ်တို့လိုအပ်သည့် အရာ အားလုံးကိုထောက်ပံ့မည်ဖြစ်ကြောင်းကမ္ဘာကြီးကိုပြသခြင်းဖြင့်ခရစ်တော်၏ဘုန်းတော်ကို ကျွန် တော်တို့ကထင်ရှားစေနိုင်သလား။

ဘုရားသခင်ကို ယုံကြည်စိတ်ချခြင်း

စုံစမ်းစစ်ဆေးခြင်းသည် ဘုရားသခင်ကို ယုံကြည်အားကိုးခြင်းအတွက်ကောင်းသော မြေဆီလွှာ ဖြစ်သည်။ ခက်ခဲခြင်းများသည်ဘုရားသခင်၏မက်လုံးများ ဖြစ်၍ဘုရားသခင်၏ သစ္စာရှိခြင်းနှင့် ချစ်ခြင်းမေတ္တာများအပေါ်မှာကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုများကြီးထွားစေရန်လိုအပ်သည်။

ကျွန်ုပ်တို့သည်လည်းမြင်နိုင်သောအရာများအပေါ်မှာ သင်ယူရန်လွယ်ကူပြီး၊ အတွေ့ အကြုံသစ်များအပေါ်မှာသာရပ်တည်နိုင်သည်။ ပေတရုက ပင်လယ်ရေပေါ်မှာလမ်းလျှောက် သကဲ့သို့ မမြင်နိုင်သောဘုရားသင်နှင့်အတူ ကျွန်ုပ်တို့လည်းလျှောက်လှမ်းနိုင်သည်။ ဒါပေမယ့် ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်မှာ နေထိုင်မည်ဆိုလျှင် ကျွန်တော်တို့သင်ရမည့်သင်ခန်းစာဖြစ်

သည်။ ယုံကြည်ခြင်းသည်ကျွန်ုပ်တို့၏တစ်ခုတည်းသောအာရုံခံစားမှု၊ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့အသက်တာ အတွက်အလုံးစုံဖြစ် ရမည်။ ကျွန်ုပ်တို့၏ အားနည်းချက်များနှင့် ကိုက်ညီ အောင်စုံစမ်းခြင်းများကိုနှုးညံ့သိမ်စွာသက်ရောက်စေပြီး၊ကျွန်တော်တို့လျှောက်လှမ်းနိုင်သလောက် တဖြေးဖြေးလျှောက်စေသည်။

ဆုတောင်းခြင်း၊ချစ်ခြင်း၊ သည်းခံခြင်းနှင့် အစွမ်းသတ္တိ။

အခက်အခဲများကကျွန်ုပ်တို့ကို ဆုတောင်း စေခြင်းငှါသင်ပေးပြီး၊ ဘုရားသခင်နှင့်သာအသက်ရှင် နေထိုင်ရန်ကျွန်တော်တို့ကို အားဖြည့်ပေးသည်။ အခက်အခဲများက ယမ္မုတ်ချောင်းရေတိမ်ရာအရပ်မှာ ယာကုပ်ကို ဒူးထောက်စေခဲ့သည် (က၊ ၃၂း၂၂-၃၂)။ အခက်အခဲများက၊ လျှို့ဝှက်ထားတဲ့အမြင့်ဆုံးသော ဘုရားသခင်၏ ကွယ်ကာရာဌာနတော်၊အရပ်ကို ရှာတွေ့ရန် ဒါဝိဒ်ကိုသွန်သင်ပေးခဲ့သည်(ဆာ၊ ၉၁း၁)။ကိုယ်တော်နှင့်အတူပါရှိခြင်းကို မရပ်မနားအားကိုးရန် ရှင်ပေါလု၏ အသက်တာကိုလည်းပြုပြင်ပေးပြီး၊ ကျွန်ုပ်တို့အသက်တာမှာပြဿနာများဖြေရှင်းရန် လိုအပ်သော အမြင့်ဆုံးအင်အားများကိုထုတ်ယူနိုင်ခြင်းငှါ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင် အောင်အားတက်စေသည်ကိုကျွန်ုပ်တို့အများစုကသက်သေပြနိုင်သည်။ အခက်အခဲများနှင့် လိုအပ်ချက်များဖြင့် သူ၏ သားသမီးများကို ရင်ခွန်တော်၌ဖိရမည်ဆိုတာအမှန်ဖြစ်ကြောင်းရိုးသားစွာဝန်ခံရမည်။ သို့သော် အလွယ်တကူလိုချင်သောစိတ်နှင့်သက် တောင့်သက်သာနေချင်သောစိတ်များကဘုရားသခင်ကိုတပြတ်တဝတ်အားကိုးခြင်းဖြစ်စေသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်အသက်တာအတွက် အကောင်းဆုံးသောအချိန်နှင့် ဘုရားသခင်နှင့် နီးကပ်ဆုံးသောအချိန်သည်၊ အကျွန်ုပ် ဝိညာဉ်တွေအမှုကိုသိတော် မူ၏(ဆာ၊ ၃၁း၇)။ ဟု ကျွန်ုပ်တို့ ဝန်ခံနိုင်သည့်အချိန်တွင်ဖြစ်သည်။

အခြားလူများထံသို့မေတ္တာပြရန် အခက် အခဲများကကျွန်ုပ်တို့ကိုသင်ပေးသည်။ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ကို နှိုးညှံ့ကင်းစင်စေပြီး၊ စိတ်ရှည်ခြင်း နှင့်ချစ်ခြင်းမေတ္တာများ ပိုင်ဆိုင်နိုင်ဖို့ရန် ကျွန်တော်တို့၏ ဆုတောင်းခြင်းများကို အဖြေပေးရန် ဘုရားသခင် အလိုတော်ရှိသည့်အခါနာကျင်ခြင်းများ၊ မတရားမှုများနှင့်ပြင်းထန်သောမှားယွင်းမှုများကသူ့ထံသို့ ကျွန်တို့ကိုပို့ ဆောင်၍ အရာအားလုံးကို သည်းခံစေနိုင်သည်။ အစမှာ စုံစမ်းခြင်းများကို ကြိုက်နှစ်သက်ခြင်း မရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့၏ အပြစ်များကိုဖော်ပြ၍ ဝိညာဉ်ခွန်အား ရရှိနိုင်သော နေရာသို့ပို့ဆောင်သည်။နှိမ့်ချခြင်းစိတ်သဘော ထားများကို တဖြည်း ဖြည်းသင် ယူစေပြီး၊

တစ်နေ့ပြီး တစ်နေ့နက်ရှိုင်းသောစုံစမ်းခြင်းများနှင့်ချီသော စင်ကြယ်များကို ကျွန်ုပ်တို့ ကျေးဇူးတင်တတ်သည်အထိသန့်ရှင်းသောဝိညာဉ်တော်မီးနှင့်ချစ်ခြင်းမေတ္တာတွေ့ကြုံခံစားစေသည်။

ခက်ခဲသောအရာများက ကျွန်ုပ်တို့ကိုစိတ်ရှည်သည်းခံခြင်းကိုသင်ပေးသည်။ စိတ်ရှည်သည်းခံခြင်းသည် ခရစ်ယာန်အသက်တာတွင်ကြီးထွားလာသော ကျေးဇူးတော်ဖြစ်သည်။ ကျွန်တော် ပြည့်စုံစွာလုပ်ဆောင်နိုင်သည့်အခါအလျှင်းမချို့တဲ့ဘဲစေ့စပ်စုံလင်ခြင်းသို့ (ယာကုတ် ၁း၄) ရောက်စေခဲ့သည်။

ခက်ခဲသောအရာများသည် ကျွန်ုပ်တို့ကိုအစွမ်းသတ္တိကိုသင်ပေးသည်။အခက်အခဲများအပေါ် ကြောက်ရွံ့ခြင်းများ၊ဒုက္ခဝေဒနာပူပန်ခြင်းကိုယူဆောင်
သွားပြီး၊သဘောထားကွဲလွဲခြင်းများကိုအောင်မြင်နိုင်အထိ၊ အနာအဆာများအပေါ်တက်ရောက်နိုင်သည် အထိ၊ခရစ်တော်၏စစ်သူရဲကောင်းကဲ့သို့အောင်မြင်ခြင်းခွန်အားနှင့် အစွမ်းသတ္တိများကို ဝတ်ဆင်စေလိုသည်။

ဘုရားသခင်၏ကျေးဇူးတော်နှင့်တန်ခိုး တော်များမှသင်ခန်းစာများ

အခက်အခဲများသည်ဘုရားဘုန်းထင်ရှားစေရန်သူများကိုကူညီနိုင်သည့် သင်ခန်းစာများကို သင်ပေးသည်။ ခရစ်တော်သည် သူ့သားသမီးများအတွက်လုပ်ပေးသည့်အရာများကိုကမ္ဘာ ကိုပြရန်၊ အခြား လူများကမအောင်မြင်နိုင်သည့်အချိန်တွင်သူတို့အထဲ၌ခရစ်တော်ကိန်းဝပ်နေထိုင်စေသော သူတို့သည် အောင်မြင်သောသူဖြစ်ကြသည်။ လူသားများ နှင့်ကောင်းကင် တမန်များ အတွက် ရှုခင်းဘုရားသခင်ကကျွန်တော်တို့ကိုဖြစ်စေသည်။ ခရစ်တော်ကအခြေနေအားကို ထန်းချုပ်နိုင်ကြောင်း အသက်တာ အားဖြင့်ပြသစေလိုသည်။ကျေးဇူးတော်၏တန်ခိုး သည်လည်း လက်တွေ့ဖြစ်ကြောင်း၊ အားလုံး၏အသက်တာနှင့်လိုက်ဖက်၍ တန်ခိုးကြီးမားကြောင်းများကိုအသက်တာ အားဖြင့်ပြရန် ဘုရားအလိုတော်ဖြစ်သည်။

ကျွန်တော်တို့ကိုယ်တိုင်အတွေ့အကြုံများ၏သင်ခန်းစာများဖြင့်အခြားလူများကိုကူညီနိုင်ရန် အခက်အခဲများကအထောက်အကူပေးသည်။ ခေါင်း မာခြင်းများနှင့်မရင့် ကျက်သော စိတ်နှလုံးသည်ဒုက္ခဆင်းရဲဆိုင်နေသောသူတို့ခွန်အားပေးရန်၊ကောင်းကြီးပေးရန်၊ အားပေးနှစ်သိမ့်ခြင်းအတွက် အနည်းငယ်သာတတ်စွမ်းနိုင်သည်။သူများကိုပေးနိုင် ဖို့ရန် ဘုရားသခင်သည် ကျွန်တော်တို့ အသက်တာ ကို လောင်ကျွမ်းစေသည်။ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့နာကျင်ခြင်း ဝေဒနာများက ကျွန်တော်တို့ထံသို့ ဘုရားသခင်ပို့ဆောင်သောသူတို့ ကိုခွန်အားပေးရန်နှင့်နှစ်

သိမ့်ရန်၊ ကျွန်တော်တို့ကိုအရည်အချင်းပြည့်ယုံကြည်သူများဖြစ်ရန်ရှင်ပေါလုကကျွန်တော်တို့အတွက် အလိုရှိသည်။ ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသောစည်း စိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့်ပြည့်စုံစေတော်မူလိမ့်မည် (ဖိလိ၊ ၄း၁၉) ဟု ရှင်ပေါလုက သက်သေခံခဲ့သည်။

အခက်အခဲများသည် ဖြစ်ရပ်မှန်ဖြစ်သကဲ့သို့ ခရစ်တော်ဘုရားသည် ကျွန်တော်တို့အသက်တာတွင်အခက်အခဲများကစစ်မှန်ကြောင်းထင်းရှား စေသည်။ ဘုရား သခင်၏သတင်းကောင်းစကားနှင့်ဘုရားသခင်၏ ကျေးဇူးတော်အကြောင်းကိုသတင်းပေးပို့ရန် အခက်အခဲများသည် ကောင်းကင် တံဆိပ်ခေါင်းများကဲ့သို့ဖြစ်သည်။ကျွန်တော်တို့ အသက်လွတ် မြောက်ခြင်းအတွက်ကောင်းကြီး မင်္ဂလာများ စာတန်းထိုးစိုက်ထိုပေးသည်။ ပထမဆုံး ဒါတ်ပုံကို ဖျက်လိုက်သည်၊ ပြီးမှထိုတံဆိပ်ခက်ခြင်း ဖြင့်လောင်စေပြီး၊ မီးလျှံများတောက်လာပြီး၊ ကျွန်တော်တို့ကယ်ဆယ်ရေးပစ္စည်းအဖြစ်ပြောင်းလဲလာ၍ လူတိုင်းကမြင်နိုင်သည်၊ ခံစားလည်းခံစားနိုင်သည်။

ထို့ကြောင့် ဘုရားသခင်သည် ခရစ်တော်ကို ကျွန်ုပ်တို့၌ရှင်သန်စေခြင်းငှါ ကျွန်ုပ်တို့ကို မျက်ရည်ကျခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ကျွန်တော်တို့လွှမ်းမိုးရန်ဝမ်းနည်းခြင်း၊ အခက် အခဲတို့သည် တောင်ကုန်းကြီးများကဲ့သို့ကျွန်ုပ်တို့ ရှေ့၌ရပ်တည်စေပြီး၊ အခက်အခဲများသည် ကျွန်ုပ်တို့ ၏ချို့သာသောမှတ်တမ်းများကို ခက်ခဲခြင်းအမှုခြေတင်ရာ ကျောက်တုံးများနှင့် အထိမ်းအမှတ်ဖြစ်လာသည်။ ထိုသို့သောအတွေ့အကြုံများကို အောက်မေ့စရာ ကောင်းကင်နိုင်ငံနှင့်ဆိုင်သောအရာများဖြစ်သည်။

ဘေးကွအခက်အခဲများသည် ထာဝရ သရဖူများကို ဆွပ်ခူးစေရန်ကူညီသည်။ အောင်မြင်ခြင်းနှင့်ဆုများခံုးမြှင့်ရန်အခွင့်ထူးဖြစ်သည်။ ခရစ်တော်၏စစ်သည်တော်သည်မည်းနွမ်းနိုင်သော သရဖူဆွပ်ခိုးခြင်းမှတ်တမ်းကိုတင်လျက်ရှိသည်။

ဘုရားသခင်နှင့်သူ၏ဂတိတော်များကို အားကိုးခြင်း

Trusting The Lord And His Promises

By Rich Carmicheal

မြန်လည်းကြွလာလာခြင်း သတင်းကောင်းစာဆောင် (**Herald Of His Coming**) ဆောင်ပုဒ်သည် ယုံကြည်ခြင်းကိုအခြေခံပြီးထုတ်ဝေသည်။ ယုံကြည်ခြင်းသည်အရေးကြီးဆုံးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော်၊ယုံကြည်ခြင်းမရှိလျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူ

ကား၊ ဘုရား သခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရား သခင် ရှိတော်မူသည် ကို၎င်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကို၎င်း၊ ယုံကြည်ရမည်(ဟေဗြဲ၊ ၁၁း၆)။ ယုံကြည်ခြင်းသည်သခင် ဘုရားကို ကျွန်ုပ်တို့ဘယ်လောက်သိနားလည်းသနည်း၊ သူ့ကိုဘယ်လို ဆက်ဆံ သနည်းဆိုသည့်အချက်ပေါ်မှာမူတည်ကြောင်း ဤကျမ်းပိုဒ်ကဖော်ပြထားသည်။ ကျမ်းစာ အနက်ဖွင့်ကျမ်းဆရာ တစ်ယောက်က မှတ်ချက်ချသည်မှာ၊ယုံကြည်ခြင်းသည် ဘုရားသခင် ကိုအလေးအနက်ထားခြင်း၊ အဓိကအဖြစ်ထားခြင်း၊ အသက်တာအားလုံးကို ဘုရား သခင်၌ အပ်နှံခြင်း၊ နှုတ်ကပါတ်တော်၏ သွန်သင်သည်အတိုင်းကျင့်ကြံခြင်း၊ ပြုမူခြင်း၊ လုပ်ဆောင်ခြင်း၊ အသက်ရှင်နေထိုင်ခြင်းဖြစ်များဖြစ်သည်ဟု မှတ်ချက်ထားသည်။ တစ်နည်းအားဖြင့် ယုံကြည် ခြင်းသည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ အားကိုးခြင်း၊ ကတိတော်များကိုပေးသော ဘုရားကို တုံ့ပြန်ခြင်းများဖြစ်သည်ဟုရေးခဲ့သည်။

ဘုရားသခင်ထက်မိမ်ကိုယ်ကို အားကိုးခြင်းနှင့် မိမိ၏ ခွန်အားများအပေါ် အားကိုးခြင်း များကို ယုံကြည်ခြင်းကစိန်ခေါ်လိုက်သည်။ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားခြင်းနှင့် ကိုယ့်ဉာဏ်ကို အမှီမပြုနှင့် (သုတ္တံ၊၃း၅)ဟူသောကျမ်းစာ၏ သွန်သင်ချက်များသည် အသိတရားနှင့် သာမန် အသိညာဏ်များနှင့်ဆန့်ကျင်ဘက်ဖြစ်ကြသည်။ ဥပမာ၊ စစ်ဗိုလ်ကြီးဂီးဒေါင်နှင့် ပတ်သတ်၍ စစ်တိုက်ရန် ရန်သူများ၏အင်အားအလွန်များသည့်အချိန်တွင် စစ်သားဦးရေ (၃၀၀) အထိတိုင်အောင်လျှော့ခိုင်းစေခြင်းသည် လူသားများအနေဖြင့်လက်တွေ့မကျသော လုပ်ရပ်ဖြစ် သည်။ သို့သော်မကျော်လွှားနိုင်သော၊ အလွန်ကြီးမားသောအခြေအနေနှင့်ကြုံတွေ့သည့် အခါလို လားစွာတောင့်တသောအရာသည်ဘုရား သခင်၏ခွန်အားဖြစ်သည်ဟု**Dietrich Bonhoeffer** ၏ တရားဟောချက်တွင်အောက်ပါအတိုင်းတွေ့ရှိသည်။

ကျွန်ုပ်တို့သည်ရှိသမျှခွန်းကိုစုစည်းသည်၊အကူအညီရနိုင်သည့်ရေရာတိုင်းမှာအကူအညီများကို ရှာဖွေကြသည်၊ ကျွန်ုပ်တို့၏ခွန်အားများကိုတွက်ချက်သည်၊ သုံးသပ်သည်၊ အတည်ပြုသည်၊ တိုက်ခိုက်ခြင်းနှင့် ခုခံခြင်းအတွက် ကျွန်ုပ်တို့ ပြင်ဆင်မှုများလုပ် သည်။ သို့သော်ဘုရားသခင်သည် လူသားများကို ဘယ်တော့တရားစီရင်မည်လဲ၊မမျှော်လင့်ဘဲ၊ ရုတ်တရက်ဖြစ်မလား ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ သင်သည်ယုံကြည်ခြင်းရှိသလား။ သင့်မှာ ယုံကြည်ခြင်းရှိလျှင်သင့်လက် နက်များကိုဘေးဖယ်ထားပါ။ ငါသည်သင့်၏လက်နက်ဖြစ်သည်။ ငါသည် သင့်၏ စစ်ဝတ်စုံ များဖြစ်သည်။ သင့်၏ စစ်ဝတ်စုံများကိုဘေးဖယ်ပါ။ သင့်၏မာနများကိုလည်းဘေးချပါ။ ငါသည် သင့်၏ ဝါကြွားစရာဖြစ်သည်ဟု ဘုရားသခင်ကဆိုလိုခြင်းဖြစ်သည်။

အကယ်စင်စစ် ဘုရားသခင်၏အတွေးသည် ကျွန်ုပ်တို့၏အတွေးမဟုတ်သလို ကျွန်ုပ်တို့၏ နည်း လမ်းသည်လည်းသူ့နည်းလမ်းမဟုတ်ပါ (ဟေရှာ၊ ၅၅း၈)။ ဘုရားသခင်ကို အားကိုးခြင်းသည် ကိုယ့်ကိုယ်ကို အမှီမပြုခြင်းသို့မဟုတ် ကိုယ့်ဉာဏ်ကိုအမှီမပြုခြင်းဖြစ်သည်။ ဘုရားသခင်ကို အားကိုးခြင်းသည် သူ့စရိုက်၊ သူ့စကားနှင့်သူ့ဂတိတော်များကို အမှီပြုခြင်းဖြစ်သည်။

သို့သော်ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် လူသားများ၏အယူအဆ သို့မဟုတ် ဦးနှောက်အတွေးအခေါ်မဟုတ်ပါ။ ဘုရားသခင်ကို အားကိုးခြင်းသည် ကျွန်ုပ်တို့၏ကိစ္စအားလုံးကို စနစ်ကျစီစဉ်ထားခြင်းဖြစ်သည်။ ဘုရားကိုအားကိုးခြင်းဆိုသည်မှာ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေခြင်းနှင့် သူ၏ နှုတ်ကပါတ်တော်နှင့်ကိုက်ညီအောင်နေတတ်ခြင်း၊ နှုတ်ကပတ်တော်နှင့် သူ့၏ကတိတော်များကိုတုံ့ပြန်ခြင်းဖြစ်သည်။ယုံကြည်ခြင်းတွင်ဘုရားသခင်၏ အမိန့်အာဏာအားလုံးကို နာခံခြင်း၊ ဥပမာ၊ ငြိမ်သက်စွာနေရန်အမိန့်ပေးလျှင်သူ့ကို ငြိမ်သက်စွာစောင့်ခြင်း၊ အလုပ်များကို စတင်ဆောင်ရွက်ရန် အမိန့်ရှိလျှင်လုပ်ခြင်း၊ သည်းခံရန်အမိန့် ရှိလျှင်သည်း ခံခြင်းများအားလုံး အပါအဝင်ဖြစ်၍၊အမှုကိစ္စအားလုံးအတွက်သူ့ကိုချဉ်းကပ်၍စိတ်နှလုံးအကြွင်းမဲ့ဆက်သ အပ်နှံခြင်းဖြစ်သည်။

နှုတ်ကပတ်တော်ကိုခံယူခြင်း

ကျမ်းစာထဲမှာရှိသော၊ ခေတ်အဆက်ဆက်ယုံကြည်ခြင်းတွင်ကြီးမားသော သူတော်ကောင်းများအားလုံး၏ အမှတ်အသားသည်သူတို့၏ အတွေးအခေါ်၊ ခံစားချက်များနှင့်ကိုက်ညီမှုမရှိလျှင်လည်း ဘုရားကိုအကြွင်းမဲ့အားကိုးပြီး၊နှုတ် ကပတ်တော်ကိုခံယူကြသည်။ ဥပမာ၊ နောဧသည် သတိပေးခြင်းခံရသည့်အခါသင်္ဘောကြီးကို ယုံကြည် ခြင်းဖြင့်ဆောက်ခဲ့သည် (ဟေဗြဲ၊ ၁၁း၇)။ ထိုနည်းတူ အာဗြဟံသည်လည်း ဘုရားသခင်ခေါ်သည့်အချိန် တွင်သူသွားမည့် နေရာကို မသိသော်လည်းယုံကြည်ခြင်းဖြင့်ထွက်သွားသည်(အခန်းငယ် ၈)။မဖြစ်နိုင်သည့် အခြေအနေရောက်ပြီးမှာ သားမွေးမည်ဟုဂတိတော်ရရှိလျှင်လည်း သူ၏ယုံကြည်ခြင်းတွင် မယိမ်းယိုင်ခဲ့ပါ။ ဘုရားသခင်က သူဂတိတော် အတိုင်းလုပ်ဆောင်ပေးမည်ဟုလုံးဝသိနားလည်ခဲ့ပါသည်(ရောမ၊ ၄း၂၀-၂၁)။ ထို့နောက်ဘုရားသခင်က သူ့ကိုစမ်းသပ်သည့်အခါ သူသားကို ယုံကြည်ခြင်းဖြင့် ဆက်သ ပူဇော်ခဲ့သည် (ဟေဗြဲ၊ ၁၁း၁၇)။ မောရှေသည် အီဂျစ်ပြည်ကိုယုံကြည်ခြင်းဖြင့် စွန့်လွှတ်၍၊ မြင်မရသောဘုရား သခင်ကိုမြင်ရသသကဲ့သို့တည်ကြည်ခြင်းရှိ၏ (ဟေဗြဲ၊ ၁၁း၂၇)။ဂေါလျတ်ကို လူငယ်လေးဒါဝိဒ်ကယုံကြည်ခြင်းဖြင့်ရင်ဆိုင်ခဲ့သည်။ဘုရားသခင်ကဖိလိတ္တိသူရဲ ကောင်းကြီးကိုသူ့လက်ထဲသို့ အပ်နှံမည်ဟုအပြည့်အဝယုံကြည်ခဲ့သည် (၁ရာ၊ ၁၇)။

ယေရမိသည်ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်ကိုနာခံပြီး၊ လယ်ကွင်းကိုဝယ်၍စာချုပ်ကိုလည်း ရေရှည်ခံအောင်မြေအိုးထဲတွင်သိမ်းထားခဲ့သည်။ ကျွန်ခံခြင်းမှပြန်လာ၍အိမ်၊ ခြံ၊ မြေကွက်များနှင့် စပျစ်ခြံများကိုပြန်လည်ပိုင်ဆိုင်ရမည့် အကြောင်းကိုသင်္ကေတပြခဲ့သည်။ (ယေ၊ ၃၂း၁၅)။ ထိုအချိန်တွင်သူတို့၏ အခြေအနေသည်မျှော်လင့်ချက်မဲ့နေချိန် ဖြစ်နေ သော်လည်း၊ ဘုရားသခင်၏တန်ခိုးအပေါ်ယုံကြည်စိတ်ချ၍၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုးနှင့်လက်ရုံးတော်ဆန့်၍ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူပြီး၊ ကိုယ်တော် မတတ်နိုင်သောအရာတစ်စုံတစ်ခုမျှမရှိပါ (ယေ၊ ၃၂း၁၇)ဟု ဤကဲ့သို့ ဆုတောင်းခဲ့သည်။

ယုံကြည်ခြင်းအားဖြင့် ဧဇရကလည်းလူအုပ်ကြီးကို ယေရုရှစလင်မြို့ သို့ဦးဆောင်ခဲ့တုံးက၊ သူတို့၏သား သမီးငယ်များအပါအဝင်မြောက်များစွာသော ရွှေ၊ ငွေနှင့် အခြားသော ပိုင်ဆိုင်မှုများလုံခြုံမှုအတွက်၊ ရန်သူတို့၏ ခြုံခိုတိုက် ခိုက်ခြင်းမှကာကွယ်ရန် ရှင်ဘုရင်ထံသို့ အကူအညီလုံးဝမတောင်းခဲ့ပါ။ သို့သော်သူတို့ကို ဘုရား သခင် ကကာကွယ်စောင့်ရှောက်ရန်ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းဖြင့် သူ၏ လူတို့ကို ဦးဆောင်ခဲ့သည် (ဧဇရ၊ ၈း၂၁-၂၃၊ ၃၁)။ ဧဇရက ဘုရားသခင်ကို ဘယ်လောက်အထိ ယုံကြည်စိတ်ချသည်ကို စဉ်းစားကြည့်ပါ။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဘေးကင်းလုံခြုံမှုအတွက်ဘုရားသခင်ထံသို့ သူ့အတွက်သာ ဆက်ကပ်အပ်နှံသည့် သာမကအခြား လူများအတွက်ပါအပ်နှံခဲ့သည်။ ဘုရားသခင်သည် အသူတို့နှင့်အတူပါရှိမည်၊ ကွယ်ကာ စောင့်ရှောက်မည်ဟုဘုရား သခင်ကိုအပြည့်အဝယုံကြည်သောကြောင့် အရာအားလုံးကို စနစ်တကျစီစဉ်ခဲ့သည်။

ယေရုရှလင်မြို့ရိုးပျက်ဆီးသွားသောကြောင့် ဘုရားသခင်၏ ဘုရားသခင်၏လူများ ဒုက္ခရောက်၍ အလွန်ဝမ်းနည်းကြေကွဲကြောင်းကြားသည့်အခါ နေဟမိသည် ဘုရားသခင်၏ ဂတိတော်များနှင့် တန်ခိုးတော်ကိုအာရုံပြုပြီးယုံကြည်ခြင်းဖြင့် ဆုတောင်းခဲ့သည်။ သူတို့သည် သူ့ထံသို့ ပြန်လှည့်လျှင် သူ၏ လူမျိုးတို့ ကိုပြန်လည်ထူထောင်မည်အကြောင်း၊ ပေးခဲ့သော ကတိတော် ဘုရားသခင် အားအသိပေးသတိရစေပြီး၊ ဘုရားသခင်၏ ကြီးမြတ်ခြင်း၊ သစ္စာရှိခြင်းနှင့် မေတ္တာရှိခြင်းများကိုလည်း နေဟမိက အသိအမှတ်ပြုခဲ့သည်။ (နေ ဟမိ၊ ၁)။ သူသည် အလွန် ကြောက်ရွံ့သော်လည်း (နေဟမိ၊၂း၂)၊ ယေရုရှလင်မြို့ ပြန်လည်တည်ဆောက်ရန် ရှင်ဘုရင်ကြီးကိုချဉ်းကပ်ခဲ့သည်။လမ်းတစ်လျှောက်တွင်စိန်ခေါ်မှုများ၊များစွာရင်ဆိုင်ခဲ့သော်လည်း၊ တိုက်ရိုက်တိုက်ခိုက်မှုများကြုံခဲ့ရသော်လည်း၊ သူသည် ဆက်လက် ဆုတောင်း၍၊ သူ့၏ မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းအားလုံးကို ဘုရားသခင်၌ထားခဲ့သည်။ သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ပေးသောလုပ်ငန်းများကိုပြီးမြောက် အောင်ကြိုးပမ်းအားထုတ်ခဲ့သည်။

ကျွန်တော်သည် ဘုရားသခင်ကို ယုံကြည်ပါသည်။

သင်္ဘောကြီးသည်ရောမမြို့ဘက်သို့ ခရီးဦးတည်နေစဉ်အာဇြပင်လယ်ပေါ်တွင်လေလှိုင်းလုံးကြီးများရိုက်လာ၍ သင်္ဘောပေါ်တွင်ရှိ ခရီးသည်အားလုံးအတွက် အလွန်စိုးရိမ်ရသော အသက်အန္တရာယ်ရင်ဆိုင်ခဲ့ကြည်သည်။ တမန်တော်ရှင်ပေါလု၏ ယုံကြည်ခြင်းကို စဉ်းစားကြည့်ပါ။ မုန်တိုင်းသည်အလွန်ပြင်းထန်၍ လွတ်မြောက်ရန် အားလုံးကမျှော်လင့်ချက်မဲ့နေခဲ့ကြသည်။ သို့သော် ရှင်ပေါလုကအားလုံးကို ဤကဲ့သို့ခွန်အားပေးခဲ့သည် (တမန်၊ ၂၇း၂၃-၂၄)။ ထို့ကြောင့် အချင်းလူတို့ သက်သာခြင်းရှိကြလော့။ ငါ့အားမိန့်တော်မူသည် အတိုင်းဖြစ်လိမ့်မည်ဟု ငါသည် ဘုရားသခင်ကိုအမှီပြု၍ယုံကြည်ခြင်းရှိ၏ (အခန်းငယ်၊၂၅) ဟု အားပေးစကား ယုံကြည်ခြင်းဖြင့်ပေးနိုင်ခဲ့သည်။

မိတ်ဆွေ၊ ငါသည် ယုံကြည်ခြင်းရှိ၍ ဘုရားသခင်ကို အမှီပြု၏ဟူသည့်အချက်သည် အဓိကသော့ချက်ဖြစ်သည်။ မိတ်ဆွေ၊သင့်ထံသို့ဘုရားသခင်ပြောသော စကားကိုသင်ယုံကြည်ပါသလား။ ဘုရား သခင်ကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည် အားကိုးပြီး သူ၏နှုတ်ကပတ်တော်ကိုခံယူသလား။ လူများ၏ အတွေးအခေါ်နှင့်ကိုက်ညီသည်ဖြစ်စေ၊ မကိုက်ညီသည်ဖြစ်စေ၊ သူ၏ နှုတ်ကပတ်တော်နှင့်သူ့ကိုတုံ့ပြန်ပါ့မည်လော။ ဘုရားသခင်သည် ယုံကြည်ခြင်းအပေါ်၌ နှစ်သိမ့်ခြင်းရှိပြီး၊ သူ့ကို မျှော်လင့်သောသူနှင့် ယုံကြည်စိတ်ချသောသူတို့အပေါ်သစ္စာရှိကြောင်းအစဉ်အမြဲပြသလေ့ရှိပါသည်။

အထူးခွန်အားပေးခြင်း။

စာဖတ်သူ အားလုံးခွန်အားပေးရန်၊ ဘုရားသခင်၏ ဂတိတော်များကို အနည်းငယ်အောက်တွင်ဖော်ပြထားပါသည်။ ဂတိတော်များကိုအခြေခံပြီး၊ ဘုရားသခင်ကို ယုံကြည်အားကိုး၏၍ လုံလဝီရိယနှင့် ဘုရားသခင်ကိုသူသည်ရှာလျှင်သင့်အပေါ်လည်းသစ္စာရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ဂတိတော်၌ရပ်တည်နေထိုင်ပါ။

ဘုရာသခင်သည် သင့်ကိုတွေ့တော်မူလိမ့်မည်။ဆိုသည်အားပေးကြောင့် **D.L.Moody**သည် ဂုဏ်ပြု မှတ်တမ်းတင်ခြင်းခံခဲ့ဘူးသည်။

A.W.Tozer ပြောသောစကားလည်း အထူးခွန်အားယူစရာဖြစ်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ‘သင်သည် ပြဿနာရင်ဆိုင်၍၊ သင့်အခြေအနေကိုစိုးရိမ်းပြီး၊ ဘုရားသခင်ထံ၌ ရိုးသားခြင်းဆန္ဒရှိလျှင်၊ ဘုရားသခင်ကို ယုံကြည်စိတ်ချရမည်။ သားတော်၏ ကျေးဇူးတော်အားဖြင့် ဘုရားသခင်ကိုချဉ်းကပ်၍ ဂတိတော်များကိုဝန်ခံပြောဆိုပါ၊ သင့်ကို စိတ်ပျက်စေမည်မဟုတ်ပါ။ ဘုရားသခင်သည်သင့်ကိုဖေးမတော်မူမည်ဖြစ်၍ သင်သည်လွတ်မြောက်ရာ လမ်းကိုတွေ့ပါလိမ့်မည်။ သင်သည် ဘုရားသခင်ကို အားကိုးအားထားလျှင် ကောင်းကင်နှင့်မြေကြီးကိုလည်း သင့်အတွက်ရွေ့လျားစေတော်မူမည်။

တန်ဖိုးကြီးသော ဘုရားသခင်၏အချို့သောဂတိတော်များမှာ၊

ထမ်းရွက်ရသောဝန်ကိုထာဝရဘုရား၌ချထားလော့၊ (ဆာလံ၊ ၅၅း၂၂)။

စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်ကိုခိုလှုံသောကြောင့်၊ငြိမ်သက်ခြင်းသက်သက်ရှိမည် အကြောင်းစောင့်ရှောက်တော်မူလိမ့်မည် (ဟေရှာ၊ ၂၆း၃)။

အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲအရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများ တို့ကိုဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင်အဘယ်သူမျှကြံ၍ မမှီနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှု ခရစ်အားဖြင့် သင်၏စိတ်နှလုံးကိုစောင့်မလိမ့်မည်(ဖိ၊ ၄း၆-၇)။

အိုဝ့်ါဝိညာဉ်၊ သင်သည်အဘယ်ကြောင့်ညိုးငယ်သနည်း။ ဝ့်ါအထဲမှာအဘယ်ကြောင့် မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကိုမျှော်လင့်လျက်နေလော့။ ဝ့်ါကို ကယ်တင်တော်မူသောအရှင်၊ ငါကိုးစားသောဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာပြုရလေအံ့သတည်း (ဆာလံ၊ ၄၃း၅)။

မစိုးရိမ်နှင့်၊ ငါသည်သင့်ဘက်မှာရှိ၏။ မကြောက်နှင့်၊ သင်၏ ဘုရားသခင်ငါသည်သင့်ကို ခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ဝ့်ါသစ္စာလက်ျာလက်ဖြင့်ထောက်ပင့်မည် (ဟေရှာ၊ ၄၁း၁၀)။

လျှင်မြန်သောဘေးနှင့် လူဆိုးတွေ့တတ်သော ပျက်စီးရာဘေးကိုကြောက်စရာမရှိရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာဖြစ်၍၊ သင်၏ခြေကို မကျော့မိစေခြင်းငှါစောင့်မတော် မူလိမ့်မည်(သုတ္တံ၊ ၃း၂၅-၂၆)။

သင်သည် ရေပေါ်တွင်လမ်း လျှောက်သွားသောအခါ သင်နှင့် အတူငါရှိ၏။ မြစ်တို့ကိုလျှောက်သွားသောအခါမနစ်မွန်းရ။ မီးကိုနင်းသောအခါမလောင်ရ။မီးလျှံသည် မသိရ။ အကြောင်းမူကား၊ ငါသည် သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင့်ကိုရွေးသောသခင်၊ ဣသရေလ အမျိုး၏ သန့်ရှင်းသော ဘုရားဖြစ်တော်မူ၏ (ဟေရှာ၊ ၄၃း၂-၃)။

အမှုရောက်သောကာလ၌ ဝ့်ါကိုပဌနာပြုလော့။ ငါသည်ကယ်လွှတ်မည်။ သင်သည်လည်း ဝ့်ါကိုချီးမွမ်းလိမ့်မည်ဟုမိန့်တော်မူ၏ (ဆာ၊ ၅၀း၁၅)။

ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌စံပယ် တော်မူသောစည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့်ပြည့်စုံစေတော်မူလိမ့်မည် (ဖိ၊ ၄း၁၉)။

နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုရှေ့ဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတံ့(မဿဲ၊ ၆း၃၃)။

တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်(လု၊ ၁၁း၉)။

သင်တို့သည်အဆိုးဖြစ်လျက်ပင်ကိုယ့်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင်ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အားသန့်ရှင်းသော ဝိညာဉ် တော်ကိုသာ၍ပေးတော်မူမည်မဟုတ်လော့ (လုကာ ၁၁း၁၃)။

သင်တို့တွင်တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင်ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်း သောသူတို့အားစေတနာစိတ်နှင့်ပေးသနားတော်မူ သောဘုရားသခင်ကို တောင်းစေ။ တောင်းလျှင်ရလိမ့်မည် (ယာ၊ ၁း၅)။

ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ ဘုရားသခင်ရှေ့တော်၌ မိမိ ကိုယ်ကိုနှိမ့်ချကြလော့။ သို့ပြုလျှင်ချီးမြှောက်တော်မူလိမ့်မည်(ယာ၊ ၄း၈၊ ၁၀)။

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ့်ဉာဏ်ကိုအမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရ ဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင်သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်(သု၊၃း၅-၆)။

ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်ငါတို့ အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည်သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငှင်းပြည့်စုံတော်မူ၏(၁ယော၊ ၁း၉)။

ဘုရား သခင်သည်သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သောစုံ စမ်းနှောင့်ယှက်ခြင်းကိုသင်တို့၌ ရောက်စိမ့်သောငှါအခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည် အကြောင်းစုံစမ်းနှောက်ယှက်ခြင်းအရာနှင်တကွ၊ထွက်မြောက်ရာလမ်းကိုလည်းစီရင်ပြုပြင်တော်မူလိမ့်မည် (၁ကော၊ ၁၀း၁၃)။

သို့သော်လည်းသခင်ဘုရားသည်သစ္စာနှင့်ပြည့်စုံတော်မူ၏။ သင်တို့ကိုမြဲမြံစေ၍မကောင်းသောမှုအရာနှင့် ကင်းလွတ်စေခြင်းငှါစောင့်မတော်မူလိမ့်မည် (၂သက်၊ ၃း၃)။

သင်တို့တွင်ကောင်းသောအမှုကိုပြုစုပြုတော်မူသော သူသည်ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည် (ဖိ၊ ၁း၆)။

စုံစမ်းခြင်းအားလုံးဥမ်းမြောက်ခြင်းအားလုံး

All Joy In All Trails

By Charles H. Spurgeon (1834-1892)

'ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သည်းခံခြင်းကိုပွါးစေတတ်သည်ဟု သိမှတ်လျက်အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့်တွေ့ကြုံသော အခါဝမ်းမြောက်စရာအကြောင်းသက်သေဖြစ်သည်ဟုမှတ်ကြလော့။ သင်တို့သည်အလျင်း မချိုး တဲ့ဘဲစေ့စပ်စုံလင်မည့်အကြောင်းသည်းခံခြင်းစိတ်သည်အကုန် အစင်ပြုပြင်ပါစေ(ယာကုပ်၊ ၁း၂-၄)။

ပထမအနေဖြင့် စုံစမ်းသွေးဆောင်ခြင်းနှင့် အခက်အခဲများကသယ်ဆောင်လာသည့်အရေးကြီးသောအရာများကိုအနည်းငယ်စဉ်းစားကြပါစို့။ သင်၏ ယုံကြည်ခြင်းကို ဘုရားသခင်ကစမ်းသပ်သည်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်ပြီး၊ ဗဖြောင့်မတ်ခြင်းသို့လည်းရောက်စေပြီး၊ ဘုရားသခင်ထံသို့ပို့ဆောင်သည်။ ထိုအခါ ကျွန်တော်တို့၏ယုံကြည်ကို တိုက်ခိုက်ခြင်းခံသည့်အခါအံ့သြစရာမလိုပါ။ မှောင်မိုက်တန်ခိုးအားလုံးတို့သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ကြသည်၊ ဘုရားသခင်အပေါ်တွင် ကျွန်တော်တည်သောယုံကြည်စိတ်ချမှုကို တိုက်ခိုက်ခြင်းငှါ၊ စုံစမ်းခြင်းအလုံးစုံတို့သည်ကျွန်ုပ်တို့၏ တစ်ဘက်တွင်တက်လာကြသည်။

ကျွန်ုပ်တို့သည်ယုံကြည်ခြင်းအားဖြင့်အသက်ရှင်ကြသည်။အဘယ်ကြောင့်ဆိုသော်ဖြောင့်မတ်သောသူတို့သည်ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်ဟုရှိသောကြောင့်၊ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့်စတင်အသက်ရှင်ပြီး၊ ဆက်လက်အသက်ရှင်ရမည်။ ယုံကြည်ခြင်းသည် သင့်အတွက် ကျောက်မျက်ရတနာ၊ ဝမ်းမြောက်ခြင်းနှင့် တန်ခိုးဖြစ်သည်။ သူခိုးများသည် ယုံကြည်ခြင်းကို သင့်ထံမှခိုးယူရန်အသင်းအဖွဲ့လုပ်ကြသည်။ ထို့ကြောင့် သင်ရွေးချယ်ခဲ့သော ယုံကြည်ခြင်းရတနာကို ခိုင်မာစွာကိုင်တွယ်ပါ။

မိတ်ဆွေ၊ ရေလှိုင်းကြီးကသင့်၏ ယုံကြည်ခြင်း ကိုတိုက်ခိုင်လျှင်အံ့သြခြင်းမရှိပါနှင့်။ ယုံကြည်ခြင်းသည် သင်၏ ဝိညာဉ်ရေးအတွက် အခြေခံအုတ်မြစ် ကြီးဖြစ်သည်။ သင်ရင်ဆိုင်သော လက်ရှိအခက် အခဲများကြောင့် သင်၏ ယုံကြည်ခြင်းများကို ယိမ်းယိုင်ခြင်းမရှိဘဲတည်ကြည်နိုင်ဖို့ ဘုရားသခင်၏ ကတိတော်များကို ယုံကြည်ပါ။ ထိုအခါသေခြင်းနှင့် တရားစီရင်ခြင်း နေ့ရက်ကာလမှာ သင့်၏ ယုံကြည်ခြင်းသည် စစ်မှန်ကြောင်းထင်ရှားပါလိမ့်မည်။

အမျိုးစုံသောစုံစမ်းခြင်း သို့မဟုတ် စမ်းသပ်ခြင်းများတွင် ကျွန်ုပ်တို့သည်လဲကျနိုင်ကြောင်း နှုတ်ကပါတ်တော် ကျွန်တော်တို့တွေ့ရှိသည်။ အမျိုးမျိုးသော ဒုက္ခဆင်းရဲခြင်းများနှင့်များစွာသော အခက်အခဲများကို ရင်ဆိုင်မည်လို့လည်း မျော်လင့်ရမည်။ဘယ်လိုဘဲဖြစ်ဖြစ်၊ ဤ အခက်အခဲများသည် စစ်မှန်သော ကျွန်တော့်၏ အတွေ့အကြုံများဖြစ်ပါသည်။ ကျွန်ုပ်ကိုယုံကြည်ပါ။ ဥပမာ မီးပုံကြီးသည် သင့်အတွက် အလွန်ပူပြင်းသောအရာဖြစ်သော်လည်း သင့်အတွက်မခံနိုင်သော မီးပုံကြီးကို မကြာခင်သင်သည် အောင်မြင်နိုင်မည်ဟု ကျွန်တော်ယုံကြည်ခြင်းဖြင့်ပြောနိုင်ပါသည်။ နေဗုခ ဒနေဇာမင်းကြီး၏ မီးပုံကြီးကဲ့သို့(၇)ဆပူပြင်း ကြောင်းနှင့် မီးသည်လောင်ကျွမ်း၍ဖျက်ဆီး၊ ဝါးမျိုတတ်ကြောင်း ဘုရားသခင်၏ သားသမီးများကသိရမည်။ သို့သော် ယုံကြည်ခြင်းဖြင့် ထိုမီးပုံကြီးကို ယုံကြည်သူများမှာ အောင်မြင်နိုင်ခွင့်ရှိသည်။

စမ်းသပ်ခြင်းနှင့်သက်သေပြခြင်း

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စမ်းသပ်ခြင်းခံ၍ အောင်မြင်ကြောင်းသက်သေပြနိုင်မှ သင်သည် တန်ဖိုးမဖြတ်နိုင်သောကောင်းကြီးမင်္ဂလာများရရှိနိုင်သည်။ သင်သည် စစ်သားကောင်းဖြစ် သလား၊ မဖြစ်ဘူးလားဆိုတာသိနိုင်ရန် သင့်ကိုစစ်မြေပြင်သို့ပို့ရမည်။ ထိုနည်းတူ သင်္ဘောကြီးသည်လည်း အပြင်ပိုင်းကိုကြည့်ခြင်းဖြင့်မသိနိုင်ပါ၊ ပင်လယ်သို့ပို့ရမည်။ ပြင်းထန်သောမုန်တိုင်းသည် သင်္ဘောကိုစမ်းသပ် ရန်အကောင်းဆုံးဖြစ်သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သန့်ရှင်းစင်ကြယ် စေရန် ဘေးဒုက္ခဆင်းရဲခြင်းများဖြစ်၍၊ မီးအားဖြင့်စမ်းသပ်သည့်အခါ ပျက်စီးတတ်သော ရွှေထက် သာ၍တန်ဖိုးရှိသည်။

အခက်အခဲများနှင့်ဒုက္ခများကကျွန်ုပ်တို့၏ ရိုးသားဖြောင့်မတ်မှုကိုစမ်းသပ်သည့် အချိန်တွင်ကျွန်ုတို့သည်ဘေးသို့မလှည့်ဘဲမားမားမတ်မတ်ရပ်တည်ရမည်။ခရစ်ယာန်များသည် စုံစမ်း

ခြင်းမှ လွတ်မြောက်သည့်အခါ ကျွန်တော်သည်ရိုးသားဖြောင့်မတ်ခြင်းကို လက်မလွတ်ဘဲခိုင်မြဲစွာ စုတ်ကိုင်နိုင်လျှင် ဘုရားသခင်၏ ဘုန်းကိုထင်ရှားစေသည်။ ကျွန်တော်တို့သည် ခြိမ်းခြောက်မှုများကို မကြောက်ခဲ့ဘူး။ ဆုံးရှုံးခြင်းများကိုလည်း ကျွန်ုပ်ချုပ်နှောင်နိုင်ခဲ့သည်။ ဘုရား သခင်၏ ဖိနှိပ်ခြင်း အောက်တွင်ဘုရားကိုခိုင်ခန့်စွာ ကျွန်တော်သည် စုတ်ကိုနိုင်ခဲ့သည်။ ယခုတွင် အကျွန်ုပ် ကိုးကွယ်သည့် ဘာသာသည်ပါးစပ်အားဖြင့်ဝန်ခံခြင်းသတ်သတ်မဖြစ်ဘဲ၊ ဘုရားသခင် ထံသို့ စစ်မှန်သောဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း ကျွန်တော်သေချာနားလည်သွားပါပြီ။ ဘုရား သခင်၏ တန်ခိုးအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့်မီးအားဖြင့် စမ်းသပ်ခြင်းကိုခံနိုင် သည်ဟု ဝန်ခံထွက်ဆိုနိုင်မည်။

ကျွန်ုပ်တို့၏ အလွန်ထင်ရှားသောအားနည်း ချက်ကိုစုံစမ်းခြင်းခံသည့်အခါကျွန်တော်တို့ လိုအပ်သော ခွန်အားများကို ဆုတောင်းခြင်းဖြင့်ရရှိသည်။ အတားအဆီးများကို ကိုယ်တော်က ဖြေရှင်းပေးပြီး၊ ကျွန်တော်တို့၏ဒဏ်ရာများကိုလည်း ကုသပေးသည်။ လိုအပ်သည့် အချိန် တိုင်းမှာလိုအပ်သော ကျေးဇူးတော်ကို ချက်ချင်းပေးသည်။

ထို့ကြောင့် သင်သည် စုံစမ်းခြင်းကိုကြုံတွေ့သည့်အခါ မောပန်းသော်လည်း၊ အားလုံးကို ဝမ်း မြောက်ခြင်းဖြစ်သည်ဟုသတ်မှတ်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် စုံစမ်းဖြင့်သင်၏ ချစ်ခြင်း မေတ္တာ၊ ယုံကြည်ခြင်းမှန်ကန်ကြောင်း၊ ထို့အပြင် သင်သည် စစ်မှန်သော ဒုတိယမွေးဖွားခြင်းကိုခံ၍ ဘုရားသားဖြစ်ကြောင်း သက်သေပြလိမ့်မည်။

စုံစမ်ခြင်းကစိတ်ရှည်ခြင်းကိုဖြစ်စေသည်။

စုံစမ်းခြင်းက ထုတ်လုပ်သည့်တန်ဖိုးမဖြတ်နိုင်သောပါရမီးတစ်ပါးရှိသည်။ ၎င်းသည်၊ စိတ်ရှည် သည်းခံခြင်းဖြစ်၍၊ သင့်၏ ယုံကြည်ခြင်းဖြင့် သက်သေပြနိုင်သည့် အရည်အချင်းဖြစ် သည်။ စိတ်ရည်ခြင်းကို ကောန်အမှန်ပိုင်ဆိုင်သောသူများသည် စမ်းသပ်ခြင်းခံဘူးသောသူ များဖြစ်ကြသည်။ ဘုရား သခင်၏ ကျေးဇူးတော်အားဖြင့်ဘယ်လိုဟာမျိုး စိတ်ရှည်ခြင်းကိုသင်ရခဲ့ သနည်း။

ပထမအနေဖြင့်၊ စမ်းသပ်ခြင်းကိုအောင်မြင်သောသူသည်ညည်းတွားခြင်းမရှိဘဲ၊ အခက် အခဲများသည်ဘုရားသခင်ထံမှလာသည်ဟု လက်ခံခြင်းဖြင့် စိတ်ရည်ခြင်းကိုပိုင်ဆိုင်နိုင်သည်။ တိတ်ဆိတ်စွာအလုပ်မှန္တတ်ထွက်ခြင်းသည် ဆုံးဖြတ်ချက်ချင်းချခြင်းဖြင့်လုံးဝမဖြစ်ပါ။ နှစ်ရှည် ရောဂါ ဝေဒနာခံခြင်း၊ သို့မဟုတ် စိတ်ဖြည့်စီးမှုများ၊ လုပ်ငန်းမှာ စိတ်ပျက်မှုများကြောင့် အများ အားဖြင့်ဖြစ်တတ်သည်။ ကိုယ်တော်ထံသို့ နိမ့်ချစွာအပ်နှံရမည့် အမျိုးမျိုးသော စိတ်ဖိစီးမှု များကြောင့်လည်းဖြစ်နိုင်သည်။ နောက်ဆုံးမှာ ဘုရားသခင်နှင့်ငြင်းခုံခြင်းကို ကျွန်တော်တို့ ရပ်တန့်ပြီး၊ ကျွန်တော်တို့၏ ဆန္ဒနှင့် ဘုရားသခင်၏အလိုတော်အကြားတွင်မနေဘဲ၊ ဘုရားသခင်၏အလို တော်ကို ကျွန်တော်တို့ ကျေနပ်စွာလက်ခံသဘောတူရမည်။

စိတ်ရှည်ခြင်းနောက်တစ်မျိုးသည် မတရားလုပ်ဆောင်ခြင်းများ၊ ရန်ပြုခြင်းများနှင့် အကြောင်းမဲ့ ပြစ်တင်ဝေဖန်ခြင်းများကို သည်းခံနိုင်ခြင်းမျိုးဖြစ်သည်။ စိတ်ရည်သောသူသည် ပြင်းထန်စွာခံစားရသော်လည်း နှိုးညှဲ့စွာသည်းခံသည်။ တုံ့ပြန်ဖို့ရန်သူ၏ သခင်ကဲ့သို့ သူ့ပါးစပ်ကို မဖွင့်ပါ၊ သူ့ကိုအပြစ်တင်သော သူများကိုလည်း အပြစ်တင်စကားမပြောပါ။ သူ့ကို ကျိန်သောသူတို့ကို ကောင်းကြီးပေးသည်။ စင်ကြယ်သော မေတ္တာသည် ခပ်သိမ်းသောအရာ အားလုံးကို မျှော်လင့်၍ အလွယ်တကူစိတ်လှုံ့ဆော်မှုမရှိဘဲ အားလုံးကိုခံနိုင်သည်။မိတ်ဆွေတို့၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သင့်အပေါ် သို့သက်ရောက်သော အခက်အခဲများကို စိတ်ရှည် စွာရင် ဆိုင်ရပ်တည်လျှင်၊ ဒေါသမထွက်ဘဲ၊ ချစ်ခြင်းမေတ္တာများကိုပြသနိုင်လျှင်၊ နှစ်သိမ့်ခြင်းလည်း ဆုံးရုံး ခမ်းခြောက်နိုင်သော်လည်း၊ သင်သည် အလွန်မွန်မြတ်သောအကျင့်စာရိတ္တများကိုရယူ ပိုင်ဆိုင်နိုင်သည်။

ထိုကဲ့သို့သောစိတ်ရှည်ခြင်းသည်ခမ်းနားကြီး ကျယ်သောစိတ်ရှည်ခြင်းမျိုးဖြစ်၍ ပိုင်ဆိုင် နိုင်ဖို့ရန် ဘုရားသခင်က ကျွန်တော်တို့ကို စောင့်နေသည်။ ခရစ်ယာန်အားလုံးက သင်ယူရန်နှင့် လက်တွေ့ ကျင့်သုံးရန်၊ ဆုတောင်းပါနှင့် စောင့်ပါဟူသည့်စကား(၂) ခွန်းလေးရှိပါသည်။ ဘုရား သခင်ထံမှ ခွန်အားရယူ ပိုင်ဆိုင်နိုင်ရန် ဘုရားကို စောင့်ဆိုင်းခြင်းတွင် ဆုတောင်းခြင်းနှင့် စိတ်ရှည်စွာစောင့်ခြင်း နှစ်ခုစလုံးလိုအပ်သည်။ မနက်ဖြန်မှာ သခင်ယေပြန်မလာလျှင်ဘာ ဖြစ်မည်လဲ။ ကျွန်ုပ်တို့၏ ဆင်းရဲခြင်း ဘေးဒုက္ခများသည် ဆက်လက်ကြာရှည်လျှင်ဘာဖြစ်မည်လဲ၊ ရန်တိုက်မှုများသည်လည်း ဆက်တိုက်ဖြစ်နေလျှင်၊ သို့သော်စမ်းသပ်ခြင်းကိုခံ၍ သင်ရင်ဆိုင်သော အခက်အခဲများမှမှန်ကန်သော အကျိုးကျေးဇူးများခံစားရန် ဘုရားသခင်၏ ကယ်တင်ခြင်းကို ငြိမ်သက်စွာစောင့်၍ဝမ်းမြောက်စွာမျှော်လင့်ရန် အလွန်အရေးကြီးသည်။

စိတ်နှလုံးအထဲမှာသံသယစိတ်များမရှိဘဲ၊ လိုအပ်ချက်များကိုအံ့ဩဘွယ်ရာကောင်းစွာဖြင့် ထောက်ပံ့မည်ဟု မျှော်လင့်၍၊ ဤစိတ်ရှည် သည်းခံခြင်းအားဖြင့် ယိမ်းယိုင်ခြင်းမရှိဘဲ ဘုရား သခင်ကို ယုံကြည်အားကိုးရမည်။ ဥပမာ၊ အမျိုးသမီးတစ် ယောက်သည် သူ၏ မနက် အစာပြေအတွက်မုန့်တချပ်နှင့်သောက်ရေတစ်ခွက်လေးကိုကိုင်ပြီ၊ဒီလောက်လေးဟာ၊ ဘာလဲ၊အော်၊ ဒီဟာလေးနှင့် သခင်ခရစ်တော်ယေရှုရှိပါသေးတယ်ဟု၊ ပြန်ပြောနိုင်သော ထိုအမျိုးသမီးသည် အခက်အခဲများဖြင့် စမ်းသပ်ခြင်းများကို ခံဘူးသောသူမဖြစ်လျှင် ဤကဲ့သို့ ကျေးဇူးတင်တတ် မှာမဟုတ်ပါ။ ထိုနည်းတူ၊ ပျူရီတန် အသင်းဝင်ဆရာ၊ အဘိုးကြီး တစ်ယောက်လည်းရှိ သေးသည်၊ သူသည်လည်း စမ်းသပ်ခြင်းကိုခံဘူးသောသူဖြစ်သည်။ သူ့မိသား စုအားလုံးညနေစာ အတွက် ငါးခြောက်အနည်းငယ်နှင့်အာလူး အနည်းငယ်သာရှိသော်လည်း၊ ကိုယ်တော်ကို ကျေးဇူးတင် ပါတယ်၊ ကျန်တော်တို့ညနေစာအတွက်တောထဲသို့သွားပြီး၊ ပင်လယ် ငါးများ ဖမ်းပေးသောကြောင့် ကျေးဇူးတင်ပါ၏၊ ဟုဘုရားသခင်ကိုချီးမွမ်းနိုင်သည်။ သူသည် စမ်းသပ်ခြင်းကို ခံဘူးသောသူ မဖြစ်လျှင်ကျွန်တော်တို့ကဲ့သို့သူ၏ညနေစာအပေါ်မှာ စိတ်ပျက်နိုင် ပါသည်။ ကျွန်တော့အချို့ မရောက်သေးဘူးဟု အခက်အခဲများကိုရင်ဆိုင် ကြုံတွေ့ဘူးသောသူသည် ကျေးဇူးတင်တတ် သောသူဖြစ်၍၊ ၄င်းသည်တန်ဖိုးနည်းသောအရာမဖြစ်ပါ။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အခက်အခဲများကိုရင်ဆိုင်ကြုံတွေ့ဘူးသောသူတို့သည် မျှော်လင့်ချက် ထားတတ်သောသူများဖြစ်ကြသည်။ မုန်တိုင်းက သူတို့အားလုံးကို အတူတူ တိုက်ခိုက်လို့ သင်္ဘောလည်မပျက်သေးပေမည့်၊ သင်္ဘောပျက်စီးသွားမည်ဟု အချို့လူများက အလွန်စိုးရိမ်နေသော် လည်းစမ်းသပ်ခြင်းခံဘူးသော သူသည်တိတ်ဆိတ်ပြီး၊ အခြားလူများကို သတ္တိရှိစွာယုံကြည်ခြင်းဖြင့် အားပေးစကားပြောနိုင်လိမ့်မည်။

စမ်းသပ်ခြင်းခံဘူးသောသူသည် လောကီ ဆန်သောသူများမဖြစ်ကြပါ။ သူတို့သည်တောကြီးထဲမှာ သူတို့နေအိမ်ဆောက်နိုင်မည်လို့ ယုံကြည်ရ ခက်သော်လည်းဆောက်နိုင်ပါသည်။ သူတို့ အိမ်ဆောက်ရန် အခက်အခဲအမျိုးစုံရှိသော်လည်း ယုံကြည်ခြင်းအားဖြင့်သူတို့နေအိမ်ကို ဆောက်နိုင်သောသူများဖြစ်ကြသည်။

အခက်အခဲအမျိုးစုံခံဘူးသောသူတို့သည်ဝိညာဉ်ရေးရာတွင်အလွန်အားသန်သောသူများဖြစ်ကြသည်။ ထိုသူတို့သည်အလွန်အားကိုးထိုက်သောသူများဖြစ်ကြသည်။ သင်သည်လည်းသူများကို ကူညီချင်လျှင်၊ သို့မဟုတ်အသင်းတော် ခေါင်းဆောင်ဖြစ်ချင်လျှင် ဤကဲ့သို့ စမ်းသပ်ခြင်းအမျိုးမျိုးကိုကြုံတွေ့ခံစားဘူးသောသူဖြစ်ရမည်။

သင့်၏ဝိညာဉ်ရေး အရည်အချင်းများကို တိုးတက်ရန်ပြင်းထန်သောဆန္ဒရှိပါသလား။ ခရစ်တော်၌စုံလင်သောယုံကြည်သူတစ်ယောက်ဖြစ်ချင်သလား၊ ဖြစ်ချင်လျှင်စုံစမ်းခြင်းများနှင့်အခက်အခဲ အားလုံးတို့ကိုဝမ်းမြောက်စွာလက်ခံကြုံဆိုပါ။ အခက်အခဲများနှင့် အတူဘုရားသခင်ကို ချဉ်းကပ်ပါ။ အခက်အခဲများကို ဘုရားသခင်က သင့်ထံသို့ စေလွှတ်သောကြောင့် သူ့ကိုခွီးမွမ်းပါ။ စိတ်ရည် သည်းခံ စွာခံနိုင်ရန်သူ့ထံသို့ အကူအညီတောင်းပါ၊ အဆုံးအထိ စိတ်ရည်စွာသည်းခံပါ။ ထိုအခါသန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းဖြင့်သင်သည်ချို့တဲ့ခြင်းမရှိဘဲ၊ စုံလင်သောသူဖြစ်လာလိမ့်မည်။

ခိုးရိမ်ပူပန်သောအချိန်၌ ယုံကြည်ခြင်း

Faith In An Hour Of Anxiety

By D.M. Pantan (1870-1955)

သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့်သင်တို့၌ခိုးရိမ်ခြင်းရှိသမျှတို့ကိုကိုယ်တော်၌ အပ်နှံကြလော့ (၁ပေ၊ ၅း၇)။

ဘုရားသခင်ထံသို့ကျွန်တော်တို့အဘယ်ဝန်ထုပ်များကို အပ်နှံသနည်းဆိုသည့် အကြောင်း အရာကိုစဉ်းစားရန်လိုအပ်ပါသည်။ ဘုရားသခင်က ကျွန်တော်တို့ထံသို့အပ်နှံသောပညာသတ္တိရှိစွာ ထမ်းဆောင်ရမည့် တာဝန်ရှိသည်။ ဥပမာ၊ ပေါလုကလည်း၊ ကောင်းသော အရာတို့ကို အမြဲကျင့်အံ့သောဌါဂရုပြုပါ'ဟု တိတုကိုသွန်သင်ခဲ့သည်။ (တိတု၊ ၃း၈)။ Spurgeon သည်လည်း၊ ဘုရားသခင်အပေါ်သတိပြုစွာမေတ္တာနှင့်အမှုတော်ထမ်းခြင်း၊ သာ၍ကောင်းအောင်အမှုတော်ဆောင်ရွက်ခြင်း၊ သူ့နှုတ်ကပတ်တော်ကို ကောင်းမွန်စွာနားလည် သဘော ပေါက်နိုင်

ရန်သေချာလေ့လာခြင်း၊ သတိပြုစွာဧဝံဂေလိ သတင်းကောင်းဟောခြင်း၊ သတိပြုစွာ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းနှင့်သတိပြုစွာဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းအကြောင်းအရာ ကိုပြောခဲ့ဘူးပါသည်။

သို့ရာတွင်၊သတိပြု'ဆိုသည့်စကားလုံးသည် ဂရိတ်စကားမှာ အဓိပါယ်တမျိုးဖြစ်သည်။ ဆိုလိုသည်မှာပူသောစိုးရိမ်ကြောင့်ကြမ္မ၊ဒုက္ခ၊ စိတ်အနှောင့် အယှက်ဖြစ်ခြင်းများကိုဆိုလိုခြင်းဖြစ်သည်။ ကင်ဆာရောဂါကြောင့် စိုးရိမ်ပူပန်မှုကြီးထွားလာသကဲ့သို့ ၊စိုးရိမ်ခြင်း၊ဟု The Revised Version ကဘာသာ ပြန်လိုက်သည်။

သင်တို့၏ဝန်ထုပ်ဝန်ပိုးများကိုဘုရားသခင်၌ ကုန်ချလော့၊ဟု ပြင်သစ်ကျမ်းစာအုပ်တွင် ဘာသာပြန်သည်။ ကျောက်မီးသွေးများကိုလှည်းပေါ်မှကုန်တင်ကုန်ချလုပ်သည်ကို ကျွန်တော်တို့မြင်ဘူးပါသည်။လူတစ်ယောက်ကထိုးထားသောသံချောင်းလေးကိုဆွဲနှုတ်လိုက်သည့်အခါ ကျောက်မီးသွေးအပြည့်တင်ထားသည့်လှည်း၏ နောက်ဘီးကို အနည်းငယ်ဖိရုံနှင့်၊ ကျောက်မီးသွေးအားလုံးသည် မြေကြီးပေါ်သို့ကျသွားသည်။ထိုနည်းတူကျွန်ုပ်တို့၏စိုးရိမ်ပူပန်ခြင်းအားလုံးကို ဘုရားသခင်ထံသို့ အပ်နှံရမည်။

ကျွန်ုပ်တို့မှာရှိသမျှသောစိုးရိမ်ပူပန်ခြင်း အားလုံးကို ဘုရားသခင်ထံသို့အပ်နှံရမည်၊ တချို့တဝက်မဖြစ်ရ၊ သို့မဟုတ်ကြီးမားသောဝန်ထုပ်များကိုသာအပ်နှံရမည်လို့ဟုတ်လား၊ မဟုတ်ဘူး တစ်ခု မကျန်အားလုံးအပ်နှံရမည်။ ကျွန်ုပ်တို့၏စိုးရိမ်ပူပန်မှုအမျှားစုသည် မိမိကိုယ်ရေး ကိုယ်တာနှင့် သက်ဆိုင်ကြသည်။ အချို့သည်အခြားလူများနှင့်ပတ်သတ်သည်။ အလွန်အရေး ပါသောအဖွဲ့တစ်ခုက ကျွန်ုပ်တို့၏ အနာဂတ် ဝိညာဉ်ရေးကိစ္စကို အလွန်စိုးရိမ်သည်။ ၎င်းသည် ကျန်းမာရေးချို့တဲ့ခြင်းအကြောင်း၊တိုးတက်မှုမရှိသောအခြေအနေ၊ လုပ်ငန်းကိစ္စ အတွက် စိုးရိမ်ခြင်း၊ သားသမီးများ၏အနာဂတ်မှောင်မဲခြင်းအကြောင်း၊စစ်ပွဲမှာသားတစ်ယောက်ရှေ့တန်း၌ရောက်လို့၊ စိတ်ဖိစီးမှုအောက်မှာကျွန်တော်တို့ရပ်နေလို့၊ သို့မဟုတ်ငြင်းပန်းနှိပ်စက်မှုများ ကြုံတင် မျှော်မှန်းခြင်းကြောင့် လည်းဖြစ်နိုင်သည်။

ကျွန်ုပ်တို့သည်လောကီသားများလုပ်သကဲ့သို့ကျွန်ုပ်တို့ဝန်ထုပ်များကိုမချသင့်ပါ။ ဤလောက၏ အပျော်အပါးနှင့် အပြစ်ဒုစရိုက်များတွင်မနစ်မျော် သင့်ဘူး၊ဘုရားသခင်ထံသို့ အားလုံးအပ်နှံရမည်၊ ကြီးမားသောယုံကြည်ခြင်းဖြင့်ကိုင်တွယ်ရမည်။ ဤသတ္တိပြုခြင်းအကြောင်းအရာကို အားလုံးကိုအရေးတကြီးထားရမည်။ စိုးရိမ်ပူပန်ခြင်းများက ကျွန်ုပ်တို့ကိုကြေကွဲအောင်လည်းလုပ်နိုင်တယ်၊ သတ်လည်းသတ်နိုင်တယ်၊ သို့သော်ကျွန်ုပ်တို့၏ အလွန်ကြီးသောဝန်ထုပ်ကို ဘုရား

သခင်ထံသို့မအပ်လျှင်၊ ခရစ်တော်၏ကားတိုင်ပေါ်မှာ အပ်နှံခဲ့ပြီးသောအပြစ်ဝန်ထုပ်များကို တောင်မအပ်နိုင်လျှင် ကျွန်ုပ်တို့၏ အစွမ်းအစအားဖြင့် ကျွန်ုပ်တို့၏ ဝန်ထုပ်များကိုနိုင်ပါ့မလား။

'ဘုရား သခင်သည်ကျောက်တုံကြီးများကိုရိုက်ခွဲနိုင်သည်၊ပင်လယ် ကြီးကိုလည်း ထိုးဖေါက်နိုင်သည်၊လဟာပြင်၌ရှိသောရတနာသိုက်များ၏တံခါးကိုလည်းဖွင့်နိုင်သည်၊ ကမ္ဘာကြီး၌ သိုလှောင်ထားသောအရာများကိုလည်း မွှေနှောက်နိုင်သည်။ သူကအမိန့် ပေးလျှင်ငှက်များကလည်း အစားအစာများ၊ငါးများ၊ ငွေဒင်္ဂါးကိုလည်း သင်ထံသို့သယ်ဆောင်လာနိုင်သည်။ ကျွန်းတစ်ကျွန်းကိုလည်းအလွန် သေးငယ်သောဝန်ကဲ့သို့ထူမပေးနိုင်သည်၊ဟုအလွန်လှပ၍ လက်တွေ့ကျသော ဤစာကြောင်းကို **Dr. F.B. Meyer** ကပြောခဲ့ဘူးပါသည်။

ယခုတွင်အံ့ဩတုန်လှုပ်ဖွယ်ကောင်းသောအမိန့်တော်ရှိသည်။ရိုးရှင်းသော စကားလုံးများဖြင့် ရေးပေးလျှင် အလွန်ကြီးမားသောခွန် အားသစ်ဖြစ်စေနိုင်သည်။ ထိုအမိန့်တော်သည်၊ သင်၏ စိုးရိမ်ပူပန်ခြင်းများအားလုံးကိုဘုရားသခင်ထံ၌ပစ်ချလိုက်ပါ၊ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စိုးရိမ်ပူပန်ခြင်းနှင့်ပြည့်သောယုံကြည်သူက ဘုရာသခင်သည်ကောင်းကင်၌ရှိသောအဘ ဘုရားသည် အရာအားလုံးကိုတတ်စွမ်းနိုင်သည်၊ ပညာအလုံးစုံပိုင်သသည်၊ ချစ်မေတ္တာရှိသည်၊ သူ့ထံ၌အပ်နှံသောအရာအားလုံးကိုဖြေရှင်းပေးနိုင်သည်၊ဟု ယုံကြည်သော်လည်းသူ၏ ဝန်ထုပ်ဝန် ပိုးများကို ဘုရားသခင်ထံသို့မအပ်နှံဘဲ သူကိုယ်တိုင်ထမ်းနေသည်။ ကျွန်ုပ်တို့၏ စိုးရိမ်းခြင်းဝန်ထုပ်များကို မိမိကိုယ်တိုင်မထမ်းဘဲ ဘုရားသခင်ထံသို့အပ်နှံရန် နှုတ်ကပတ်တော်ကသင်ပေးသည်။

သင်တို့စိတ်နှလုံးပူပန်ခြင်း၊ဆိုးရိမ်တုန် လှုပ်ခြင်းမရှိပါစေနှင့်' (ယော၊ ၁၄း၂၇)။

ဘုရားသခင်၏မြို့စောင့်တပ်

ကျွန်ုပ်တို့၏ဝန်ထုပ်များကိုအဘယ်ကဲ့သို့ဘုရားသခင်ထံ၌အပ်နှံရန်၊ဘယ် အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့် တကွဆုတောင်းပဌနာပြုသောအားဖြင့်သင်တို့ တောင်းပန်လိုသောအရာများကိုဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင်အဘယ်သူမျှကြံစည်၍မမှီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည်ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်(ဖိ၊ ၄း၆-၇) ရှင်ပေါလုကယုံကြည်သူများကို သင်ပေးသည်။

သတ္တိဆိုသည့်အကြောင်းအရာကိုဆုတောင်းခြင်းကယုံကြည်များကိုသင်ပေးသည်။ ယုံကြည်ခြင်းကယုံကြည်သူများကိုထူမသည်၊ ပူပန်းကြောင့် ကြမ္မများကိုလည်းပျောက်သွားစေသည်။ အရာအားလုံးကိုဘုရားသခင်ထံသို့အပ်နှံခြင်းဖြင့်အောင်မြင်နိုင်သည်။ဟေဇကိမင်းကြီးက သနာခရိပ်မင်းထံမှခြိမ်းခြောက်စော်ကားသည့် စာကိုဖတ်ပြီးလျှင် ဗိမာန်တော်သို့သွား၍ ထာဝရ ဘုရားရှေ့တော်၌

ဖြန့်ထားကာငြိမ်ဝပ်စွာဖြင့် ဗိမာန်တော်မှပြန်ထွက်ခဲ့သည်။ ဘယ်အကြောင်း အရာကိုမျှ စိုးရိမ်ခြင်း မရှဘဲ၊ အောင်မြင်နိုင်ဖို့ရန် ဆုတောင်းခြင်းဖြင့်ဘုရားသခင်ထံသို့ဆက်ကပ်အပ်နှံပါ။ အရာအားလုံး အတွက် ကျေးဇူးတော်ကိုခီုးမွမ်းပါဟုရှေးခေတ်ကျမ်းစာအနက်ဖွင့်ကျမ်းတတ် ဆရာတစ်ယောက်က ရှင်ပေါလုစကားကိုရှင်းပြရေးသားခဲ့သည်။

တမန်တော်ပေတရုကလည်း ဤအကြောင်းကိုစကားလုံးအနည်းငယ်ဖြင့်ဖော်ပြပြီးကျွန်တော်တို့ ကိုခွင်အားပေးသည်။ သတ္တိနှင့်စောင့်ထိန်းသောကြောင့်၊ ဟုဖော်ပြသည်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကိုသတ္တိနှင့်စောင့်ထိန်းလျှင်သူ့ထံသို့ ကျွန်တော်တို့အပ်နှံသမျှသောစိုးရိမ်း ပူပန်ခြင်း အားလုံးကိုအကောင်းဆုံး၊ လုံခြုံစိတ်ချဆုံး၊ ကျွန်တော်တို့ထက် အကောင်းဆုံး ထိန်းသိမ်း စောင့်ရှောက်ပေးသည်။ သင်တို့ကို သတ္တိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ဟုရှိသောကြောင့်၊ လုံးဝ မစိုးရိမ်ရ၊ အဘယ်ကြောင့်ဆိုသော်သူ့ထံသို့ အပ်နှံသောဝန်ထုပ်များအတွက် ဘုရားသခင်သည် စိုးရိမ်ခြင်းမရှိပါ။ ကြီးကြပ်ထိန်းသိမ်းပေးသည်၊ စောင့်ရှောက်ပေးသည်။ စိတ်ဝင်စားသည်။

ခရစ်ယာန် အသင်းတော် ပြုပြင်ပြောင်းလဲရေး ကာလတွင် **Luther** က **Melanchthon** ထံသို့ပြောခဲ့သည့်စကားသည်၊သူတို့ဆိုးဆိုးဝါးဝါးပြုလုပ်ကြလျှင်လည်း၄၆ခုမြောက်သောဆာလံကို ကျွန်ုပ်တို့သီဆိုကြပါစို့။ဘုရားသခင်သည်ငါတို့ခိုလှုံရာဖြစ်၍ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည့်ကာလများတွင်အထူးသဖြင့်ကျွန်တို့ကိုကယ်တင်ကြောင်းအလွန်ထင်ရှားပါသည်။ ထို့ကြောင့်ပထဝီမြေကြီးသည်ရွေ့သွား၍တောင်များတုန်လှုပ်လျက်သမုဒရာသို့ ကျသော်လည်း၊ ငါတို့သည်ကြောက်လန့်ခြင်းမရှိ (ဆာ၊၄၆း၁-၂)။ရွှေပန်းတိမ်ဆရာကဲ့သို့၊ ကျွန်ုပ်တို့ ယုံကြည်ခြင်းသည် ရုတ်တရက်မီးထဲသို့ကျသွားသည်၊ ဘုရားသခင်သည် အရာသည်မီးမဟုတ်ပါ၊ ရွှေကို စိတ်ဝင်စားသည်။

ဘုရားသခင်သည်သင့်ကိုသတ္တိဖြင့်ကြည့်ရှု စောင့်ရှောက်သည်

ဘုရားသခင်ထံသို့ ဝန်ထုပ်ဝန်ပိုးများကိုအပ်နှံခြင်းသည် မိမိကိုယ်တိုင်၏အမှုကိစ္စအဝဝကို အမြန်ဆုံးလုပ်ရမည့်အရာဖြစ်သည်။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည် သင့်ကိုသတ္တိနှင့် စောင့် ကြည့်လို့ပါ။ ကျွန်ုပ်တို့သခင်ယေရှုကလည်းထိုနည်းတူပြောသည်။ စဉ်းစားတွေးတောခြင်း မရှိနှင့်၊ အဘယ်သို့ စားသောက်ရမည်ဟုအသက်အဖို့ မစိုးရိမ်ကြနှင့်၊ အဘယ်သို့ဝတ်ရမည်ဟု ကိုယ်အဖို့မစိုးရိမ်ကြနှင့်။ ထိုအရာများကိုသင်တို့ အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်သိတော်မူ၏ (မ၊ ၆း၂၅-၃၂)။ခရစ်တော်သည် ဤ စကားကိုကျွန်ုပ်အတွက်ပြောသည်၊ သင့်အတွက်လည်းပြောသည်။ ယုံကြည်သူအားလုံးအတွက်ပြောသည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို သတိနှင့်ကြည့်ရှုသောကြောင့်ဖြစ်သည်။

ဘုရားသခင်သည် သတ္တဝါအသီးသီးကိုလည်းသတ္တိနှင့်ကြည့်ရှုတော်မူသည်။ တောင်ပေါ်မှာနေတတ်သောဂုဏ်အပေါင်းတို့ကိုငါသိ၏။ တောသားရဲတို့သည်ငါ၌ရှိ၏(ဆာလံ၅၀း၁၁)။ ခြသေ့ပျို့တို့သည် လုယက်ခြင်းအလို့ငှါဟောက်၍ ဘုရားသခင့်ထံမှာ အစာကိုရှာကြပါ၏(ဆာ၊ ၁၀၄း၂၁)။

သင်တို့အဘအခွင့်တော်မရှိလျှင်ထိုစာဌက်တစ်ကောင်မှမြေသို့မကျရ။ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည်စာဌက်အများတို့ထက်သာ၍မြတ်ကြ၏(မ၊ ၁၀း၂၉-၃၀)။ ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ချထားလော့။ သင့်ကိုမစတော်မူမည်(ဆာ၊ ၅၅း၂၂)။

ဘေးဒုက္ခများကို တိုက်ဆုတ်ရန်နှုတ်ကပတ်တော်ဓားကိုအသုံးပြုပုံ

How To Use The Sword of The Word Against Afflictions
By William Gurnall (1617-1679)

ခရစ်ယာန်တို့သည် အဘက်ဘက်မှတိုက်ခတ် လာသောလေမုန်တိုင်းနှင့် မိုးသက်မုန်တိုင်းကြားထဲမှာ အသက်ရှင်နေထိုင်ကြသည်။ သူသည် လေတိုက်သည့်အခါခိုလှုံ ကွယ်ကာစရာကုန်းများ၊ သစ်သားများနှင့် အုတ်များဖြင့် အိမ်ကိုကာရံထားခြင်းဘုရားသခင်မှအပမရှိပါ။ ယောဘအသက်တာ၌ ထူးခြားသောလေပြင်းမုန်တိုင်းသည်၊ အရပ်လေးမျက်နှာဘက်မှ တိုက်ခိုက်သကဲ့သို့၊ ခရစ်ယာန်များကိုတိုက်ခိုက်သောဘေးဒုက္ခများသည် လည်းမဖြို့ဖျက်နိုင်သောအကွယ်အကာများမရှိပါ။ ငွေကြေးအခက်အခဲများအားဖြင့် ခဏခဏတိုက်ခိုက်သည်။ ကိုယ်ခန္ဓာ ကျန်းမာရေးပြဿနာများ၊ သူ၏ စိတ်ဓါတ်ကိုလည်းဒဏ်ရာများဖြင့်နှင့်ထားခဲ့သည့်အချိန်လည်းရှိသည်။ဘဝပင်လယ်ကြီးမှာဝမ်းနည်းကြေကွဲခြင်းများရင်ဆိုင်ကြုံတွေ့သော ခရစ်ယာန်များအတွက် ရေလှိုင်းကြောင့်ကြေကွဲခြင်းလုံးဝမရှိဘဲ မားမားမတ်မတ် ရပ်တည်နိုင်ရန်မလွယ်သည့်အချက်များစွာရှိပါသည်။

ဘုရားသခင်သည်သူ့သားသမီးများကို အမျိုးမျိုးသောစုံစမ်းခြင်းများနှင့်အမျိုးမျိုးသောအခက်အခဲများကြားမှာလျှောက်လှမ်းခွင့်ပြုသည်။ ဖြောင့်မတ်သောသူသည်များစွာသောဒုက္ခဆင်းရဲခြင်းများကိုခံရသော်လည်း(ဆာလံ၊၃၄း၁၉)ကျွန်တော်တို့တွေ့ရှိသည်။သို့ရာတွင် ဝမ်းနည်းသောသူတို့ကိုနှစ်သိမ့်ရန်ဘုရားသခင်၏ကတိတော်များစွာနှုတ် ကပတ်တော်ထဲတွင်တွေ့ရှိသည်။ ဆရာဝန်ကလူနာများအတွက်ဆေးဝါးများကို ရေးပေးသကဲ့သို့ ပညာရှိသောခရစ်ယာန် ကလည်းဒုက္ခများကြုံတွေ့သည့်အခါအားကိုးအသုံးပြုရန်ဘုရားသခင်၏ ကတိတော်များကိုတစ်ခုပြီး တစ်ခုစုစောင်းထားသည်။

သင့်ကိုဘေးဒုက္ခများကတိုက်ခိုက်လာသည့်အခါခွန်အားယူရန်၊အကာအကွယ်လုပ်ရန်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအသုံးပြုတတ်ရန် အကြံပေးခြင်းသည် ကျွန်တော့်၏ အဓိကတာဝန်ဖြစ်သည်။ ဘုရားသခင်၏ ကတိတော်များကို သင်လည်းအသုံးပြုခွင့်ရှိသည်။

နှုတ်ကပတ်တော်များသည် ဘေးဒုက္ခခံရင်ဆိုင်သည့်အချိန်တွင်စာတန်သည် စတင်လှုပ်ရှားလာ၍ နှုတ်ကပါတ်တော်သည်စာတန်နှင့်ဘုရားသခင်အကြားတွင်ရှိသောတံခါးပတ္တာကဲ့သို့ဖြစ်ပါသည်။ ဘေးဒုက္ခများ၏ညမှောင်ကြီးကိုရင်ဆိုင်သည့်အချိန်တွင်ကတိတော်၏တံခါးဝမှာရပ်နေ သော်လည်း ဘုရားသခင်၏ကတိတော်ဖြင့် တံခါးသော့ကိုမဖွင့်ရဲသော ခရစ်ယာန်သည်အလွန်သနားစရာ ကောင်းသည်။ ကလေးငယ်တစ်ယောက်က ဖခင်ထံသို့အမြန်ပြေး၍သူ့ လက်မောင်းအောက်၌ ခိုလှုံသကဲ့သို့ ဤ အချိန်သည် အကောင်းဆုံးသောအချိန်ဖြစ်သည်။ ငါ၏လူတို့လာကြ။အတွင်းခန်းထဲသို့ဝင်၍သင်တို့ကိုကွယ်ကာသော တံခါးတို့ကိုပိတ်ထားကြ။ အမျက်ကာလလွန်သည့် တိုင်အောင် ခဏသာပုန်းရှောင်၍နေကြလော့(ဟေရှာ၊ ၂၆း၂၀)။

ဘုရားသခင်၏ကတိတော်များကိုဆင်ခြင်အောက်မေ့ခြင်း

ဘုရားသခင်၏ကတိတော်များထက်ကျွန်ုပ်တို့၏ပြဿနာများအပေါ် အာရုံပြုခြင်းသည် လူတို့၏ သဘာဝဖြစ်ပါသည်။ကတိတော်သည်ပြန်လည်ထူထောင်ရန် တန်ခိုးရှိကြောင်းသက်သေထူစေသည်။ ငိုနေသောကလေးငယ်တစ်ယောက်သည် သူလို အပ်သောအစားအစာကိုရလျှင် သူ၏ မိခင်ရင်ခွန်တွင်နှစ်ကြိုက်စွာအိပ်ပျော်သွားသည်။ ယုံကြည်သူသည်ကတိတော်ကို လက်တွေ့ အသုံးပြုသည့်အခါ သူရင်ဆိုင်သောဆင်းရဲခြင်းဘေးဒုက္ခများအပေါ် ငြီးတွားခြင်းများကိုရပ်လျှင် သူ၏ စိတ်နှလုံးသည်ဝမ်းမြောက်ခြင်းနှင့် ပြည့်လာလိမ့်မည်။ အကျွန်ုပ်၏နှလုံးသားထဲမှာ စိတ်များသောအခါ၊ ကိုယ်တော်သည်သက်သာစေတော်မူသဖြင့်၊ အကျွန်ုပ်၏ဝိညာဉ်သည်ရွှင်လန်းပါ၏ (ဆာလံ ၉၄း၁၉)။

ပျားအုံကိုဖဲ့ထုတ်လျှင်ပျားတို့သည်ရှုပ်ယှက်ခပ်၍ပျားအုံထဲသို့ပြန်ဝင်သည်အထိပျားတို့သည် နေရာအနှံ့ပျံဝေးကြသည်။ သူတို့အားလုံးပျားအုံထဲသို့ဝင်နိုင်သည့်အခါ ရှုပ်ယှက်ခပ်မှုများမရှိတော့ဘဲနာဂို အတိုင်းဖြစ်လာ၍တိတ်ဆိပ်စွာသူတို့ အလုပ်ပြန်လုပ်ကြသည်။ ထိုနည်းတူ ခရစ်ယာန်များ၏ စိတ်နှလုံးသည်လည်းဖြစ်သည်။ ဘုရားသခင်သည်သူ၏ ကတိတော်များ၌တည်ရှိ၍ ကတိတော်များသည် ပျားအုံကဲ့သို့ဖြစ်သည်။ ယုံကြည်သူများသည်သူတို့ဆိုင်သော ဒုက္ခဆင်းရဲခြင်းများနှင့် စုံစမ်းခြင်းများကိုကြောက်ရွံ့ခြင်းမရှိဘဲ၊ လေးလံသောစိတ်နှလုံးကိုလည်းပေါ့ပါးစေရန်၊ ဘုရား သခင်၏ ကတိတော်၌ရပ်တည်လျှင်၊ နှစ်သိမ့်ခြင်းကိုပြန်လည်ရရှိကြသည်။ ယုံကြည်သူသည် ပူပန်သောစိတ်နှလုံးသည် ကတိတော်ကျောက်တုံးကြီးအပေါ်သို့ရပ်တည်နိုင်သည့်အခါ ငြိမ်သက်ခြင်းကိုပြန်လည်ရရှိသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့ကိုချဉ်းကပ်သောသူများ၊

ဒုက္ခရောက်နေသောစိတ်နှလုံးကို ကုသပေးသောကြောင့်၊ ငြိမ်သက်စွာနှင့်ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ထာဝရဘုရားရှေ့မှာငြိမ်ဝပ်စွာနေ၍ကိုယ်တော်ကိုငံ့လင့်လော့(ဆာလံ၊၃၇း၇)ဟု ဆာလံ ဆရာက ယုံကြည်သူများကို ခွန်အားပေးသည်။

ခရစ်ယာန်များ၏နှလုံးသားသည်လည်းသူ့၏ အမျှော်အမြင်များနှင့်ရောင်စုံဖြင့်အစွန်း ထင်းလျက်ကျန်ရစ်နိုင်သည်။ မတည်မြဲသောထင်မြင်ယူဆချက်များ၊ ဝမ်းနည်းခြင်းများနှင့် ဝမ်းမြောက်ခြင်းများလည်းမဖြစ်စေနိုင်သော၊ ထိရောက်မှုမရှိသောစိတ်ကူးများဖြင့်သာ ပြည့်နှက် တတ်သည်။ အဆိပ်သည် ခန္ဓာကိုယ်ထဲသို့မဝင်လျှင်လူကိုမသတ်နိုင်ပါ၊ ထိုနည်းတူ ထမင်းလည်း ဗိုက်ထဲသို့ မဝင်လျှင် လူအတွက်ခွန်အားမဖြစ်စေနိုင်ပါ။ သို့သော်ဝမ်းနည်းခြင်း စိတ်ကူးများနှင့် ခါးသီးခြင်း များသည် လူတစ်ယောက်၏ နှလုံးသားအထဲတွင်နေရာယူလျှင်၊ ထိုသူသည် ကျောကုန်း၍ ကိုယ်ကို အလျှင်းမဆန့်နိုင် သကဲ့သို့ဖြစ်လာမည်(လုကာ၊ ၁၃း၁၁)။ ထိုအခါ သူသည်ပြန်လည် ထမြောက်နိုင်ရန် ဘုရားသခင်၏ကတိတော်များကိုဆင်ခြင်အောက်မေ့ဖြင့်သူ့၏ စိတ်နှလုံးကိုမထူမနိုင်ပါ။

တစ်နည်းပြောမည်ဆိုလျှင်၊ ယုံကြည်သူသည် ကတိ တော်အားဖြင့်နိုးလာပြီး၊ စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်ကို ယုံကြည်စိတ်ချ၍ ကတိတော်အတိုင်း လျှောက်လှမ်းနိုင်သည့်အခါ ဘုရားသခင်၏ ကတိတော်များသည်လည်းတန်ခိုးရှိလာသည်။ ထိုအခါနာကျင်ခြင်းကိုလည်း မခံစားတော့ဘဲ၊ ကြောက်ရွံ့ခြင်းကိုလည်း ကတိတော်များဖြင့် ထိရောက်စွာ သိမ်းချုပ်နိုင်သည်။ ရုံဆုန်သည်သွား၍ ခြံသော့်အသေကောင်မှပျားလတို့ကို စားသကဲ့သို့ ခရစ်ယာန်များကလည်း အသက်တာကို ချိုမြိန်သောဂတိတော်များဖြင့်တိုက်ကျွေးနိုင်သည်။ ကတိတော်ကိုမှီခို၍ဆင်းရဲဒုက္ခများအကြားတွင် ငြီးတွားခြင်းမရှိဘဲ ဝမ်းမြောက်စွာချီးမွမ်းခြင်းသီချင်းများ သီဆိုနေသည်ကို ဘုရား သခင်က မြင်တွေ့လိုသည်။

ခရစ်ယာန် ယုံကြည်သူများ၊ နှုတ်ကပတ်တော်အပေါ်ဆင်ခြင် သတိရအောက်မေ့ခြင်းအကျင့် ကိုကျင့်ကြပါ။ ကတိတော်များကိုအလွတ်ကျက်ပြီး ဒီတိုင်းမထားကြပါနှင့်။ သတိပြုကြပါ။ လက်တွေ့ အသုံးပြုကြပါ။

အာပြဟံသည် ကောင်းကင်တမန်များကိုမိမိနေ ထိုင်ရာတဲတော်တံခါးဝတွင်ဖိတ်ခေါ်ပြီး၊ အလွန် ဝမ်းမြောက်သကဲ့သို့ သင်သည်လည်း နှုတ်ကပါတ်တော်ကို ဆင်ခြင်အောက်မေ့လျှင် ဝမ်း မြောက်ခြင်းကိုအပြည့်အဝခံစားနိုင်သည်။ ဤ နည်းအားဖြင့် ရာစုနှစ်များစွာကသူတော်ကောင်း များသည်ယုံကြည်ခြင်းဖြင့် ဘေးဒုက္ခများကိုအောင်မြင်ကျော်လွှားခဲ့ကြသည်။ ငါချစ်ရာသခင်၊

ငါ့ရင်အုံကြားမှာတစ်ညလုံးအိပ်ရမည် (ရှောလ မုန်သီချင်း ၁း၁၃)ဟုအမျိုးသမီးကပြောခဲ့သည်။ တနည်းပြောမည်ဆိုလျှင်ဝမ်းနည်းခြင်းများက စိုးရိမ်ခြင်းများရင်ဆိုင်သောသူသည် သခင်ယေရှု ၏ လှုပသိမ်မွေ့ခြင်းများ၊ ကောင်းမြတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာများကိုအစဉ်အမြဲဆင်ခြင်အောက်မေ့ မည်ဟု ဆိုလိုခြင်းဖြစ်သည်။ သင်သည် ဤ ကဲ့သို့ လက်တွေ့ကျင့်သုံးနိုင်လျှင် ဝေဒနာများနှင့် ဆင်းရဲခြင်းဘေးဒုက္ခများကိုပြင်းထန်စွာ မခံစားဘဲ၊မီးပုံနားမှာထိုင်ရင်း မြောက်ဘက်မှ တိုက်လာ သောပြင်းထန်သောလေအေးဒဏ်ကို မခံစားတော့ဘဲဝမ်းမြောက်စွာနေသကဲ့သို့ သင်ခံစားပါလိမ့် မည်။ ခရစ်ယာန်တစ်ဦးသည် ပိသဂါတောင်ထိပ်ပေါ်သို့ တက်ကတိတော်ကို ဆင်ခြင်အောက်မေ့ နေစဉ်ပတ်ဝန်းကျင်၏ရှုခင်းများနှင့်သစ္စာရှိသော အစေခံကျွန်များအတွက်ဘုရားသခင် ဖန်ဆင်း သောသဘဝအလှများကို ယုံကြည်ခြင်းဖြင့်ကြည့်ရှု၍၊ လောကကိုချစ်ခြင်းမှပြန်လှည့်၍ လွယ်ကူ စွာငြင်းပယ်နိုင်သည်။

သို့သော်အချို့လူများသည် ဘုရားသခင်၏ တောင်ပေါ်သို့ခြေလှမ်းအနည်းငယ် လှမ်းရုံမျှဖြင့် မောပန်းကြသောကြောင့်မထနိုင်ကြပါ။ ထိုအချိန်တွင်၊ အကျွန်ုပ်အထက်၌ မြင့်သော ကျောက်သို့ အကျွန်ုပ်ကိုပို့ဆောင်တော်မူပါ (ဆာလံ ၆၁း၂)ဟု ဆာလံဆရာကဲ့သို့အော်ဟစ်ရမည်။ ဘုရား သခင်၏ ပညတ်တော်ကိုဆင်ခြင်အောက်မေ့ဖို့ရန်ရေလှိုင်းများထက်သာ၍မြင့်သောဤ ကုန်းမြင့် ပေါ်သို့ ကျွန်တော်တို့ကိုဘယ်သူကခေါ်ဆောင်နိုင်မည်နည်း။ ဘုရားသခင်၏ ဝိညာဉ်တော်ကသူ့၏ တန်ခိုးကြီးသောလက်ရုံးတော်ဖြင့်ထိုတောင်ကုန်းပေါ်သို့ကျွန်တော်တို့ကိုသယ်သူပို့ဆောင်နိုင်သည်။

လောကီပိုင်းဆိုင်ပျော်ရွှင်မှုနှင့်ပျော်မွေ့ခြင်းများကိုထားခဲ့ရန်ကျွန်တော်တို့သည် ဘုရားသခင် ၏တန်ခိုးတော်ကိုပိုင်ဆိုင်နိုင်ရန်ပြင်းထန်သောဆန္ဒရှိလျှင်သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော် တို့ကိုလမ်းတစ်ဝှက်မှာလာပြီးကြိုဆိုပါလိမ့်မည်။ သို့သော်ဇာတိတက်မက်ခြင်း အမျိုးမျိုးနှင့် ကျွန်တော်တို့သည် ပျော်မွေ့နေလျှင်-ခဏတာအပျင်းဖြေခြင်းအတွက်ဖြစ်လျှင်လည်းစာတန်က အခွင့် ကောင်းယူပြီးချက်ချင်းဆွဲနှုတ်လိမ့်မည်။ထို့ကြောင့်ကျွန်ုပ်တို့၏ လှေသဘော်ရွက်ကိုဖြန့် ခင်းလျက်သန့်ရှင်းသော ဝိညာဉ်တော်ကဘုရားသခင်၏ အလိုတော်ရှိရာနေရာသို့ပို့ဆောင် မည်ဖြစ်ပါသည်။

ကျွန်တော်တို့သည်နှိမ့်ချသောယစ်ပရောဟိတ်ဖြစ်လျှင်၊ ယစ်ပူဇော်ဖို့ရန် သစ်သားများကို ယစ်ပလ္လင်ပေါ်သို့ တင်ပြီးလျှင်မီးသည်ကောင်းကင်မှဆင်းသက်လာပါလိမ့်မည်။ သို့သော် လောင်စာများကိုတော့စုစောင်းထားပါ-ကတိတော်များကိုဆင်ခြင်အောက်မေ့ရန် နှုတ်ကပတ်

တော်မှာစုစောင်းပြီးနှလုံးသွန်းပါ။ ထိုအခါသန့်ရှင်းသော ဝိညာဉ်တော်သည် သင့်မှာရှိသော ချစ်ခြင်းမေတ္တာများကို တောက်လောင်စေလိမ့်မည်။ ဒါဝိဒ်ဆိုခဲ့သည့်အရာမှာ၊ ကိုယ်ထဲမှာနှလုံးပူဆွေးခြင်းရှိ၏။ ငါညည်းတွားစဉ်၊ မီးလောင်လေ၏။ ထိုအခါငါသည်နှုတ်မြွတ်၏ (ဆာလံ ၃၉း၃)ဟု ဘုရားသခင်၏ ခွန်အားကို အလွန်တမ်းတသောသူ ဖြစ်ကြောင်းထင်ရှားသည်။

ကျေးဇူးတော်ပလွင်တော်၌ ဂတိတော်များကို အသနားခံခြင်း

တရားတော်ကို ဆင်ခြင်အောက်မေ့ခြင်းဖြင့် စိတ်နှလုံးကို ကောင်းကင်အရာများ နှင့်ပြည်စေသည်။ ဘုရားသခင်ထံသို့ကျွန်တော်သွန်းလောင်းသောအရာများကို ဆုတောင်းခြင်းက ထုတ်ယူနိုင်ပြီး၊ ခရစ်ယာန်များ၏ လိုအပ်သောအထောက်အပံ့ ကိုပေးရန်သန့်ရှင်းသော ဝိညာဉ်တော်သည် စတင်လှုပ်ရှားစေသည်။ လူတစ်ဦးတစ်ယောက်ကသူ့ကို ပိုက်ဆံပေးရန်ရှိကြောင်းကိုသူ့၏ ဘဏ်ငွေစာရင်း ရှင်းတမ်းကိုဖက်ခြင်းအားဖြင့်သူသိသည့်အခါငွေမရှိသောသူအတွက် အလွန်ဝမ်းသာစရာဖြစ်သော် လည်းဤ မျှလောက်ဘဖြင့် သူ့အတွက်နောက်ထက်ထမင်းစားဖို့ရန် မဖြစ်နိုင်သေးပါ။ အကြွေးကို လာစပ်မှသာဖြစ်နိုင်သည်။ဘုရားသခင်၏ ဂတိတော်များကိုဆင်ခြင်နှလုံးသွင်းခြင်းဖြင့် ဒုက္ခ ဝေဒနာ များထဲမှလွတ်မြောက်ခြင်းရှိကြောင်းကို ကျွန်တော်တို့သိနိုင်သော်လည်း ယုံကြည်ခြင်းဆုတောင်းခြင်း ဖြင့်အကြွေးကို မတောင်းလျှင်ဘာမှဖြစ်လာမည်မဟုတ်ပါ။ ဘုရားသခင်ကိုရှာသောသူ၏ စိတ်နှလုံး သည်အားဖြည့်လိမ့်မည်(ဆာလံ ၆၉း၃၂)ဟု ကျွန်တော်တို့ တွေ့ရှိသည်။ ထာဝရဘုရားကိုမျှော်ကြည့်လော့။ အလင်းကိုရကြလိမ့်မည်(ဆာ၊၃၄း၅)ဟုလည်းအလွန် အားရစရာသတင်းကောင်းရှိသည်။ သင်သည်ဆုတောင်းခြင်းကိုရပ်လျှင် ဘုရားသခင်ကလည်းသူ၏ ကရုဏာကို သင့်ထံမှချုပ်တည်းထားလိမ့်မည်။

နှုတ်ကပတ်တော်ကို ဆင်ခြင်အောက်မေ့ခြင်းသည် တရားရေးရုံးတွင်အမှုလိုက်ရန်ရှေ့နေကပြတင်းပေါက် နားမှာထိုင်ပြီးပြင်ဆင်ခြင်းနှင့်တူသည်။ ဘုရားသခင်၏ ဂတိတော်များကိုလေ့လာပြီး၊ ထို ဂတိတော်များ၏ ကြွယ်ဝခြင်းကိုနှလုံးသွင်းလျှင် ကျေးဇူးတော်ပလွင်တော်ရှေ့သို့သွား၍ထို ဂတိတော်များကိုဖြန့်ခင်းလိုက်ပါ။ ဒါဝိဒ်မင်းကြီးကလည်းအကျွန်ုပ်မျှော်လင့်စရာ အကြောင်း၊ ကိုယ်တော်၏ ကျွန်ု၌ထားတော်မူသော နှုတ်ကပတ်တော်ကိုအောက်မေ့တော်မူပါ၏ (ဆာလံ ၁၁၉း၄၉) ဟုအသနားခံဆုတောင်းခဲ့သည်။

ဘုရားသခင်ကသူ၏ဂတိစကားများကို ဖြည့်စွက်ရန်ယုံကြည်ခြင်းဖြင့်လှုပ်ပါ

ယုံကြည်သူများအတွက်ဘေးကင်းလုံခြုံမှုသည်နှင့်ဂတိပေးသောသူဘုရားသခင်၏ သစ္စာရှိခြင်းနှင့် ခွန်အားအပေါ်မှာမူတည်သည်။ သို့သော်ဘုရားသခင်၏ ကနှုတ်ကပတ်တော်အတိုင်းလုပ်ဆောင်မည်ဟု မယုံကြည်လျှင် ထိုဘေးကင်းလုံခြုံမှုများသည် အမှန်တကယ်ဖြစ်လာမည်

မဟုတ်ပါ။ သင့်ရဲ့ယုံကြည်ခြင်းအားနည်းလျှင် အတွေးအခေါ်များကသင့်ကိုလွှမ်းမိုးပြီး စိတ်ဓာတ် ကျစေနိုင်သည်။ သို့မဟုတ် သင်သည်ခံစားချက်နှင့် အတွေးအခေါ်ကိုသာအားကိုးလျှင် ဘုရား သခင်၏ ဂတိတော်များ၌ ကျေနပ်မှု အနည်းငယ်သာရရှိလိမ့်မည်။ ယုံကြည်သူအများစု တို့သည် ဘုရားသခင်၏ တန်ခိုးတော်အပေါ်မှာ သူတို့၏ ယုံကြည်ခြင်းအားနည်းသောကြောင့် အကြောက် တရားများကသူတို့ကို ချည်နှောင်ခြင်းဖြစ်သည်။

ယုံကြည်အားနည်းသောသူတို့၊ အဘယ်ကြောင့်ကြောက်တတ်သနည်း (မဿဲ ၈း၂၆)။ တပည့်တော်တို့၏ ဝိညာဉ်အသက်မှာအပေါက်ရှိသောကြောင့် ရေများစိမ့်ထွက်လာသည်ကို ကျွန်တော်တို့တွေ့မြင်နိုင်သည်။ သူတို့သည် ယုံကြည်ခြင်းအနည်းငယ်သာရှိကြောင့်ဖြစ်သည်။ ဘုရား သခင်သည် ဘယ်သူဖြစ်သနည်းဆိုသည့်အရာပေါ်မမူတည်ဘဲ၊ သူ့ကို ဘယ်လောက်အထိ ကျွန်တော်တို့ကသိကျွမ်းသနည်းဆိုသည့်အချက်ပေါ်မှာအောင်မြင်ခြင်းနှင့်ဆုံးရှုံးခြင်းကိုဖြစ်စေသ ည်။ မဟုတ်ပါ။ သူ့အိမ်သည်ကျောက်တုံးကြီးကဲ့သို့ခိုင်ခံ့သော်လည်းလေဆင် နှာမောင်းကြောင့် ပြိုလဲသွားမည်ဟု လူတစ်ယောက်ကယုံကြည်လျှင်၊သူ့အိမ်ကိုအကာ အကွယ်အဖြစ်အား မကိုးတော့ ဘဲသူသည်အပြင်မှာသွားနေပါလိမ့်မည်။ မယူဘဲအိမ်ပြင်ဘက်တွင် နေရာယူကောင်းယူနိုင်သည်။

ဘုရားသခင်၏ဂတိတော်များ တန်ခိုးပေါ်မှာ ယုံကြည်ခြင်းခွန်အား ဆက်လက်အားသန်ရန် အတွေးအခေါ်များနှင့်ခံစားချက်များသည်ကျွန်ုပ်တို့အတွက်အကြံပေးပုဂ္ဂိုလ်များအဖြစ်မှ ထုတ်ပစ် ရန်လိုအပ်သည်။ သူ့ အတွက်ကတိတော်သည် အလွန်ထူးခြားသော်လည်း၊ အဘယ်ကြောင့်အာပြ ဟံသည် သူ၏ယုံကြည်ခြင်း၌မယိမ်းယိုင်သနည်း။ မိမိကိုယ်သည် အသေကဲ့သို့ရှိကြောင်းကို မ အောက်မေ့ (ရောမ ၄း၁၉) သောကြောင့်ဖြစ်သည်။ ဇာခရိသည် ဘယ်အရာက ဒယိမ်းဒယိုင်ဖြစ် စေသနည်း။ သူသည်ကလေးရဖို့ရန်အလွန်အသက်ကြီး နေပြီဟူသောအတွေးကို ယုံကြည်သော ကြောင့်ဖြစ်သည်။ ကျွန်တော်သည်လည်း တမန်တော်သောမတ်ကဲ့သို့ကျွန်ုပ်တို့၏ ယုံကြည်ခြင်း ကိုလက် ချောင်းထိပ်ဖျားအပေါ်တွင်တင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည် အားကိုး ခြင်းဆိုသည်မှာ ကျွန်တော်တို့လက်ချောင်းများခံစားချက်မမှီနိုင်သည့်နေရာမှာရှိသည် ကျွန်တော်တို့ သတိပြုရန်လိုအပ်သည်။ မျှော်လင့်ခြင်းကင်းမဲ့လျက် အတွေးအခေါ်များနှင့်ခံစားချက်များကို အားလုံး ရပ်တန့်နိုင်သည့်အခါ ဆင်းရဲခြင်းဒုက္ခရောက်ဆိုင်နေသောသူ၏ ကျွန်များအတွက် ဂတိတော် များကို ပြည့်စုံစေရန်နှင့် ဝမ်းမြောက်ဖွယ်သတင်းကို ယူဆောင်ရန်ဘုရားသခင်သည် စတင်ထွက် လာလျက်ရှိသည်။

ခံစားချက်၊ အတွေးအခေါ်နှင့်ယုံကြည်ခြင်းများသည် ခွဲခြားလို့ရသောအထောက်ကရိယာများ ကဲ့သို့ဖြစ်သောကြောင့်တစ်ခုနှင့်တစ်ခုရှုပ်ထွေးခြင်းမလုပ်သင့်ပါ။ အချို့သောအရာများသည်အာရုံ

ခံစားချက်များ အားဖြင့်သိနိုင်သော်လည်းအယူအဆများအားဖြင့်သဘောပေါက် နားမလည်နိုင်ကြပါ။ အတွေးအခေါ်အားဖြင့် လက်ခံနိုင်သောအရာများရှိနေသော်လည်းအာရုံခံစားချက်များအားဖြင့် ကောင်းစွာနားမလည်နိုင်ကြပါ။ နေ၏အရွယ်အစားသည်ကမ္ဘာကြီးထက်အလွန် ကြီးမားသကဲ့သို့၊ မျက်စိသုံးသပ်ရုံနှင့် ခေါင်းကိုမဖုန်းနိုင်ပါ။ နေကြတ်ခြင်းသည် အာရုံခံစားချက်၊ အတွေးအခေါ်နှင့် ယုံကြည်ခြင်းများတွင်အားလုံးရှင်းလင်းထင်ရှားပါသည်။ မျှော်လင့်ချက်များ ပျောက်ကွယ်ခြိန်၌ မုန်တိုင်းတွင်လူတစ်ယောက်မျှသေမည်မဟုတ် ရှင်ပေါလုကယုံကြည်ခဲ့သည်။ ထို့ကြောင့်အချင်းလူတို့၊ သက်သာခြင်းရှိကြလော့။ ငါ့အားမိန့်တော်မူသည် အတိုင်းဖြစ်လိမ့်မည်ဟု ငါသည်ဘုရားသခင်ကို အမှီပြု၍ယုံခြင်းရှိ၏(တမန်၊ ၂၇း၂၅)။

ကောင်းကင်တမန်ကရှင်ပေတရုကိုပုတ်ခတ်၍၊အလျင်အမြန်ထလော့. . ငါ့နောက်သို့လိုက်လော့၊ (တမန်၊ ၁၂း၇-၈) ဟု ပြောသောအခါ ရှင်ပေတရုက မဖြစ်နိုင်သောအရာအားလုံးကို စဉ်းစားတွေးတောခြင်းမရှိပါ။ သံကြိုးဖြင့်ခတ်ထားသောသံတံခါးကြီး ရော၊ဘယ်လိုလဲဟု သာမန်အသိညာဏ်ဖြင့်မေးခွန်းများအတွက် အဖြေကိုမထုတ်ခဲ့ပါ။ မတ်တပ်ရပ်နေစဉ်တွင်သူ လက်တွင်ရှိသော ခိုန်းကြိုးများချက်ချင်းအားလုံးကျသွားသည်။ သူ့ရှေ့ကသံတံ ခါးကြီးလည်းဖွင့် သွားသည်။ ထို့ကြောင့်မိမိ ဒုက္ခဝေဒနာများကိုခံနိုင်ဖို့ရန်မဖြစ်နိုင်ဘူး သို့မဟုတ် အချို့သောစုံစမ်းခြင်းများမှ လွတ်မြောက်ရန်မဖြစ်နိုင်ဘူးဟုမယုံကြည်ပါနှင့်။ ဘုရားသခင်၏ ဂတိတော်ကိုယုံကြည်လိုက်ပါ။ အတွေးအခေါ်နှင့်ခံစားချက်များကမဖွင့်နိုင်သော အနှောင်အဖွဲ့များကို ဘုရား သခင်ကဖွင့်ပေးလိမ့်မည်။

ဘယ်လိုလဲ၊ ဆိုတဲ့စကားလုံးကိုကားတိုင်ပေါ်မှာရိုက်သတ်ရန်နေရာတကာမှာရှိသော ယုံကြည်သူများကို **Martin Luther**ကတိုက်တွန်းခဲ့သည်။ ဤအခက်အခဲများကို ဘယ်လိုကျော်လွှားနိုင်မလဲ၊ သို့မဟုတ် ထိုကဲ့သို့သောတိုက်ခိုက်မှုကို ဘယ်လိုရပ်တည်ရင်ဆိုင်နိုင်မည်လဲ။ သင်နှင့်ထိခိုက် နစ်နာမှုအကြားတွင်ရပ်တည်မည့် ကတိများကိုပေးရန် ဘုရားသခင်သည် သစ္စာမရှိဘူးလား။ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းမထား (ဟေဗြဲ၊ ၁၃း၅)။ ငါ့ကျေးဇူးသည်သင့်အတွက်လောက်ပေ၏ (၂ကော၊ ၁၂း၉)။ငါတို့သခင် ယေရှုအားဖြင့်ခံရသော ဘုရား သခင်၏ မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်(ရောမ၊ ၈း၃၉)။

ဂျူးစကားပုံတစ်ခုမှာ၊ `ပတင်းပေါက်ပိတ်လျှင် အိမ်ထဲလင်းလာမည်၊ဟုရှိပါသည်။တစ်နည်းအားဖြင့်ခံစားချက်များအားဖြင့်ဆုံးဖြတ်ချက်မပေးပါနှင့်၊ အနှစ်တန်ခိုးရှင် ဘုရားသခင်ကို ယုံကြည်ခြင်း

ဖြင့် ဆုံးဖြတ်ချက်ပေးရမည်။ မဖြစ်နိုင်သောအရာများကို ယုံကြည်နိုင်ခြင်းသည် ယုံကြည်ခြင်း၏ အမြင့်မြတ်ဆုံးသော လုပ်ဆောင်ချက်ခြစ်သည်။ သခင်ရစ်တော် အတွက်ချစ်ခြင်း မေတ္တာ၏ အမြင့်မြတ်ဆုံးသော လုပ်ဆောင်ချက်လည်းဖြစ်သည်။ နာကြင်ခြင်းကို ဖြစ်စေသော အရာများကို စိတ်ရှည်စွာသည်းခံခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ဘုရားသခင်၏တန်ခိုးနှင့် ခွန်အားကို ဆန့်ကျင်ဘက်ပြုသောလူဇာတိ၏ အတွေးအခေါ်များကိုငြင်းပယ်ခြင်းဖြစ်သည်။

-From the 2002 printing of The Christian in Complete Armour, Volume Three by William Gurnall. Reprinted by permission of Banner of Truth. P.O.Box 621, Carlisle, PA 17013.

ယုံကြည်ခြင်းကကောင်းကင်ရတနာတံခါးဖွင့်ပေးသည်

Faith Unlocks The Treasures Of Heaven

By D.L.Moody

တရားဟောပုံဟောနည်းကို သခင်ယေရှုက တပည့်တော်များကိုသင်ခဲ့ဖူးကြောင်းကျွန်ုပ်တို့ ကိုမပြောခဲ့ကြပါ။ ဘုရားသခင်၏ တန်ခိုးတော်နှင့်ပြည့်လျှင် သူတို့သာသနာပြုလုပ်ငန်းတွင် ထိရောက် မှုရှိမည်ဆိုတာကို သခင်ယေရှုသိသည်။

ရှင်ယာကုပ်ဩဂုတ်စာတွင်၊တစ်စုံတစ်ယောက်သောသူသည်ပညာကိုလိုလျှင်၊ ၎ကြားသခင်ကို တောင်းစေ၊ ဗတောင်းလျှင်ရမည်။ သို့ရာတွင် တွေး တောခြင်းမရှိဘဲယုံကြည်သောစိတ်နှင့် တောင်း ရမည်(ယာကုတ်၁း၅-၆)။ ထို့ကြောင့်ယုံကြည်ခြင်းသည် ကောင်းကင်ရတနာကိုဖွင့်ပေးသော ရွှေသော့ဖြစ်ပါသည်။ ၇ွိသည် ဂေါလျတ်နှင့်တိုက်ခိုက်သည့်အချိန်တွင် ၇ွိဝိတ္ထိုင်းကို ကွင်းပြင် တွင်ယူသွားသကဲ့သို့လည်းဖြစ်သည်။ ဖိလိတ္တိလူကိုဘုရားသခင်ကသူ့လက်ထဲ၌ အပ်မည်ဟု ယုံကြည်ခဲ့သည်။

ယုံကြည်ခြင်းသည်ခရစ်တော်ကိုနေရာတိုင်းမှာဆွဲခေါ်နိုင်သည်ဟုပြောလေ့ရှိသည်။ တွေ့သည့် နေရာတိုင်းမှာယုံကြည်ခြင်းကို ယေရှု ဘုရားကလေးစားသည်။ ယုံကြည်ခြင်းမရှိသော သူက ဘုရားသခင်၏ လက်ထဲတွင်ရှိသောတစ်စုံတစ်ခုကို မြင်သော်လည်း၊ ၂ုံမရနိုင်ပါ၊ ဟုပြောပါ သည်။ သို့သော်ယုံကြည်ခြင်းရှိသောသူက၊ ၂ုံရယူပိုင်ဆိုင်ပါ့မည်၊ ဟုဆိုသည်။

အသစ်သောအသက်တာသည် ယုံကြည် ခြင်းဖြင့်အစပြုပါသည်။ ထို့နောက်ကျွန်တော်တို့ ဆက်လက်အုတ်မြစ်ချဖို့ဖြစ်သည်။ သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်

ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်(မာကု၊ ၁၁း၂၄)။ ဘုရားသခင်ထံကျွန်ုပ်တို့သွားသည့်အခါ စိတ်အား ထက်သန်ရမည်ဖြစ်ကြောင်းမှတ်ထားရမည်။

ဆုတောင်းခြင်း၌ စိတ်အားထက်သန်ခြင်း

ခရစ်ယာန်ဘုန်းကြီး ဟော (Hall)ဆိုသောသူက လူသိများသောကောက်နုတ်ချက်တစ်ခုတွင် ယုံကြည် ခြင်းဖြင့်ဆုတောင်ခြင်းတွင်စိတ်အားထက်သန်ခြင်းလိုအပ်ကြောင်းဤကဲ့သို့ ရှင်းလင်းချက် ပေးသည်။ ငါသည်ညည်းတွားစဉ်၊မီးလောင်လေ၏။ ထိုအခါ ငါသည်နှုန်မြွတ်ဆို၏ (ဆာလံ၃၉း၃) ဟုဒါဝိဒ်ပြောခဲ့သည်။

မျှားကိုအနည်းငယ်သာဆွဲဆန့်လျှင်အဝေးကိုမရောက်နိုင်ပါ။ သို့သော်ခေါင်းနားအထိ ဆွဲဆန့် လျှင်အလျင်အမြန်ပျံသွားပြီး၊ နက်နဲစွာထိုးဖောက်နိုင်သည်။ ထို့ကြောင့် ဆုတောင်း ခြင်းသည်လည်းအရေး မထားသောပါးစပ်မှတစက်စက်ကျနေလျှင် ကျွန်ုပ်တို့ချေရင်းမှာ ကျသွား မည်ဖြစ်သည်။ မိုးတိမ်ကိုဖြတ်၍ ကောင်းကင်အထိရောက်သော ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ပြင်းထန်သော စိတ်ဆန္ဒနှင့် တောင်းဆိုသည့် ခွန်အားကြောင့်ဖြစ်သည်။

ကျွန်တော်တို့ဘယ်နှစ်ကြိမ်ဆုတောင်းသလဲ၊အချက်ဘယ်လောက်ရှိသလဲ၊ ဘယ်လောက် ကြာကြာ ဆုတောင်းနိုင်သလဲ၊ ခံယူချက် ဘယ်လောက် ကောင်း အောင်ဆုတောင်းနိုင်သည်ဖြစ်စေ ဘုရားသခင်ဂရုမစိုက်ဘူး။ ရှင်ယာကုပ်ရေးခဲ့သလိုဆုတောင်းခြင်းအကြိမ်များသောကြောင့်မာသော ဒူးခေါင်းကို ဘုရား သခင်အလိုမရှိဘူး။ တမန်တော် ဗာသောလမဲကဲ့သို့ မနက်တွင်အကြိမ်တစ်ရာ၊ ညနေတွင်လည်းအကြိမ်တစ်ရာလောက်ဆုတောင်းနိုင်သော်လည်းအသုံးမကျပါ။ စိတ်အားထက် သန်စွာ ဆုတောင်းခြင်းသာလျှင်ထိရောက်မှုရှိသည်။

ရွှေရောင်လှပသောစာရွက်ပေါ်မှာသပ်ရပ်လှစွာရေးသား ထားသောအသနားခံစာ ကြောင့် ဘုရင်ကြီး၏ စိတ်ကိုဆွဲဆောင်သည်မဟုတ်၊ သို့သော် အသနားခံစာ၏ယုတ္တိရှိမှုကဘုရင်ကြီးကို လွှမ်းမိုးနိုင်သည်ဟု ဂိုဏ်းချုပ် ဆရာတော်လှိုင်တွန်း (Archbishop Leighton) ဆိုသူကပြော ဘူးသည်။ စိတ်နှလုံးကိုသိမြင်သောဘုရင်ကြီးအတွက်၊ စိတ်နှစ်လုံးသည် အဓိကဖြစ်သည်။ စိတ်နှစ်လုံးကိုအလေးထားသည်။ ဆုတောင်းသံကိုနားထောင်ပေးပြီး၊ဆုမတောင်းဘဲ ငြိမ်နေလျှင် ဘာ တစ်ခုကိုမှမလုပ်ပေးပါ။ အေးစက်သောဆုတောင်းခြင်းသည် ကောင်းကင်မရောက်ခင်မှာ လေထဲတွင်လွင့်ပါသွားသည်။ ခရစ်ယာန်များက သူတို့၏ အေးစက်သော ဆုတောင်း ခြင်းကြောင့်

ဘုရားသခင်၏ အပြစ်တင်ခြင်းကိုခံကြသည်။ ကိုယ်တော်ထံသို့ ဆုတောင်းသည့်အခါသာ၍ ကောင်းသော၊ သာ၍ ပူနွေးသောမတ်သဟာယဖွဲ့ခြင်းကိုဖြစ်စေသည်။

ရောင်စုံဖြင့် ရေးဆွဲထားသောမီးသည်မီးမဟုတ်သလို၊ အေးစက်သောဆုတောင်းခြင်းသည်လည်း ဆုတောင်းခြင်းမဟုတ်ပါ။ ရေးဆွဲထားသောမီး၌အပူမာတ်မရှိပါ။ ထိုနည်းတူအေးစက်သော ဆုတောင်းခြင်း၌အပူမရှိ၊ ပူနွေးမှုမရှိ၊ တန်ခိုးလည်းမရှိ၊ အလေးထားမှုမရှိ၊ ကောင်းကြီးမင်္ဂလာလည်းမရှိပါ။ အေးစက်သောဆုတောင်းခြင်းသည် ထိပ်ဖူးမပါသောမျှားကဲ့သို့ဌင်း၊ အသွားမပါသော ဓါးကဲ့သို့ဌင်း၊ အတောင်ပံမပါသောဌက်ကဲ့သို့ဌင်း၊ မထိုးဖောက်နိုင်ပါ။ မပိုင်းဖြတ်နိုင်ပါ။ ကောင်းကင်သို့ လည်းမပျံသန်းနိုင်ပါ။ အေးစက်သော ဆုတောင်းခြင်းသည်ကောင်းကင်သို့ မရောက်ခင်တွင် မျှောပါသွားတတ်သည်။ ထို့ကြောင့် ယုံကြည်သူများ ဆုတောင်း ပဌနာပြုသည့် အခါသူတို့၏ အေးစက်နေသောအပေါ်ယံ ဆုတောင်းခြင်းကို မိမိကိုယ်မိမိ ဝေဖန်ရမည်။ ပို၍ ကောင်းသော၊ ပို၍နွေးသော ဆုတောင်းခြင်းမျိုးရှိလာအောင် ဝေဖန်သုံးသပ်ရမည်ဟု ဗာရုပ် (Brooks) ကလည်းဆိုခဲ့ဘူးသည်။

တခြားလူများအတွက်ယုံကြည်ခြင်းရှိခြင်း

ခါနန်အမျိုးသမီးအကြောင်းကိုလေ့လာကြပါစို့ (မဿဲ၁၅း၂၁-၂၈)။ သူမကသခင် ယေရှုကို ခေါ်သောအခါ သူမ၏တောင်းဆိုမှုကိုသခင် ယေရှုကမကြားသလိုဖြစ်ပါသည်။ တပည့်တော်များကသူ့ကိုနှင်ထုတ်ချင်ကြသည်။ တပည့်တော်များသည် သခင်နောက်သို့ သုံးနှစ်တိုင် တိုင်နောက်လိုက်ခဲ့ပြီး၊ ခြေတော်ရင်းတွင်သင်ယူခဲ့ကြသော်လည်း သခင်၏ နှလုံးသားသည် ကျေးဇူးတော်နှင့် ဘယ်လောက်ထိ ပြည့်နှက်နေသည်ကိုသူတို့နားမလည်နိုင်ကြပါ။ အပြစ်ခွင့် လွှတ်ခြင်း အတွက်ရန် ရောက်လာသောအပြစ်သားတစ်ယောက်ကိုမျှ သခင်ယေရှုကငြင်းခဲ့ဖူးပါသလား။ ဤအကြောင်းကို သင်စဉ်းစားနိုင်သလား။ တစ်ခါမှမလုပ်ဘူးဘူး။ ဤအမျိုးသမီးက သူ၏ ကလေးကိုယ်စားပြုသည်။'ကိုယ်တော် ကျမကိုကယ်မပါ'ဟု လျှောက်ခဲ့သည်။ ကျွန်ုပ်တို့သူငယ်ချင်းများ ကောင်းကြီးရရှိရန် ကျွန်တော်တို့ စိတ်အားထက်သန်လျှင်သူတို့ နေရာမှာကျွန်တော်နေရမည်။ကျွန်ုပ်တို့၏ဆုတောင်း သံကိုဘုရား သခင်ကကြားပါလိမ့်မည်။

လွန်ခဲ့သောနှစ်အနည်းငယ်ကအစည်းအဝေးအကြောင်းအရာကို ယခုထိကျွန်တော်မှတ်မိသည်။ဆုတောင်းခံဖို့ ဆန္ဒရန်ရှိသူများရှေ့ကိုကြွလာပြီး ဒူးထောက်ရန်ရှေ့ဆုံးထိုင်ခုံများတွင် ရောက်ခဲ့သည်။ အမျိုးသမီးတစ်ယောက်လည်းထွက်လာခဲ့သည်။သူ့ကို ကြည့်ပြီး ယုံကြည်သူဖြစ်မည်ဟု ကျွန်တော် ထင်ခဲ့သည်။ တခြားသူများနည်းတူဒူးထောက်ခဲ့ပါသည်။ ယုံကြည် သူဖြစ်တယ်

မဟုတ်လားဟုသူမကို ကျွန်တော်မေးလိုက်သည်။ လွန်ခဲ့သောနှစ်များကယုံကြည်သူဖြစ်ခဲ့ဖူးပါသည်ဟု ပြန်ဖြေလိုက်သည်။ ဆုတောင်းခံဖို့ ရှေ့သို့ထွက်လာဖို့ ကျွန်တော် ဖိတ်ခေါ်ရခြင်းအကြောင်းရင်းသိသလားဟု ကျွန်တော်မေးလိုက်သည်။ ယုံကြည်သူခရစ်ယာန်ဖြစ်ချင်သောသူများအတွက်ကျွန်တော်ပြောတာဖြစ်သည်။ သူမ၏အကြည်ကိုကျွန်တော်ဘယ်တော့မှမမေ့နိုင်ပါ။ သူမက'ရပ်ဝေးကိုရောက်နေသောသားတစ်ယောက်ရှိတယ်၊ သူကောင်းကြီးခံစားဖို့ရန်၊ သူ့အတွက်ကျွန်မ ဆုတောင်းခံချင်ပါသည်။ ဘုရားသခင်ကသူ့ကို ကောင်းကြီးပေးမလားလို့ သိချင်ပါတယ်'ဟုလည်း ပြောသည်။ထိုကဲ့သို့သောမိခင်အတွက် ဘုရားသခင် ကိုချီးမွမ်းတယ်။

ခါနန်အမျိုးသမီးကလည်းထိုနည်းတူလုပ်ခဲ့ ဘူးပါသည်။ 'ကိုယ်တော်ကျန်မကိုကယ်မပါ'ဟုအလွန်တိုတောင်းသောဆုတောင်းခြင်းဖြစ် သို့သော်လည်း ဘုရားသခင်ကသားတော်၏နှလုံးကိုထိသည်။ သို့သော်သူမ၏ယုံကြည်ခြင်းကို သခင်ယေရှုကစမ်းသပ်ခဲ့သည်။ သို့သော်၊ ကလေးတွေစားရ မည့်ပေါင်မုန့်ကိုခွေးကျွေးဖို့ မသင့်တော်ဘူး၊ ဟုကိုယ်ပြောလိုက်သည်။ မှန်ပါ၏ သခင်၊ ခွေးမည် သည်ကားမိမိသခင်၏ စားပွဲမှကျသောစားနပ်စားပေါက်ကိုစားမြဲထုံးစံရှိပါ၏၊ဟု သူပြန်ဖြေလိုက်သည်။ သခင်ယေရှုက၊ အိုမိန်းမ၊သင်သည် ယုံကြည်ခြင်းအားကြီးလှပြီ၊ ဟုပြန်ပြောပါသည်။

ဘယ်လောက်ထိသူမကို သခင်ယေရှုချီးကျူးခဲ့ပါသနည်း။ သူမ၏အကြောင်းအရာသည်ကမ္ဘာပေါ်တွင်အသင်းတော်ရှိနေသရွေ့မေ့ပျောက် လိမ့်မည်မဟုတ်ပါ။ သူမ၏ယုံကြည်ခြင်းကိုလေးစားပြီး၊ သူမတောင်းဆိုသမျှကိုပေးခဲ့ပါသည်။ ကိုယ်တော်ကယ်မပါ၊ ဟုလူတိုင်းပြော နိုင်ပါသည်။ ကျွန်တော်တို့အားလုံးက အကူအညီလိုအပ်ကြသည်။ ယုံကြည်သူများအနေဖြင့် သခင်ခရစ်တော်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာ၊ သန့်ရှင်းခြင်းအသက်တာဖြောင့်မတ်ခြင်းများ ကိုပို၍ခံစားလိုကြသည်။

နှလုံးသားထဲမှဦးကြွေးခြင်း

ထိုအမျိုးသမီးသည်အပြစ်ကြီးသောသူ ဖြစ်မဖြစ် ကျွန်တော်မသိသော်လည်း၊ သခင် သူမ၏ဝိုကြွေးသံကိုယေရှုကကြားခဲ့ပါသည်။ ယခု အချိန်ထိအပြစ်ထဲတွင် သင်နေထိုင်အသက်ရှင်နေသော်လည်း၊ ကိုယ်တော်ကယ်ပါ၊ဟုရိုးသားစွာခေါ်လျှင် သင့်ဆုတောင်းချက်အဖြေရပါလိမ့်မည်။ ဘုရားသခင် ထံကျွန်ုပ်တို့ဝိုကြွေးသောအခါ နှလုံးသားထဲမှဝိုကြွေးခြင်းမဖြစ်ပါ။

မိခင်များကသိကြပါလိမ့်မည်။ ကလေးငယ်များလည်းလေသံနှစ်မျိုးရှိသည်။ သူတို့သည် တစ်စုံတစ်ခုကို တောင်းသောအခါသူတို့ငိုသံကယုံသင့် မယုံသင့်ကိုသင်ခွဲခြားတတ်ရမည်။ မယုံသင့်လျှင် ဂရုမစိုက်ဘဲနေခဲ့သော်လည်း၊ အမှန်တကယ်အကူအညီလိုအပ်သောအသံဖြစ်လျှင် သင်ဘယ်လောက်ထိလျှင်မြန်စွာတုံ့ပြန်ခဲ့ပါသနည်း။

ဝမ်းနည်းခြင်းငိုကြွေးသံသည်သက်သာခြင်းအကူအညီကိုအမြဲရစေပါသည်။ သင့်ကလေးက၊ ကစားရင်း 'မေမေ၊ ပေါင်မုန့် စားချင်တယ်'ဟုပြောပြီးမှ သူဆက်ကစားနေလျှင်။ သူသည် ဗိုက်သိပ်မဆာသေးဘူးဆိုတာသင်နားလည်ပြီး၊သူ့ ကိုခရုမစိတ်ဘဲနေလိမ့်မည်။ သို့သော် သူသည် ကစားစရာများကိုထားခဲ့ပြီး၊ မေမေအကျီကို ဆွဲကိုင်ကာ 'မေမေ၊ ဗိုက်ဆာတယ်'ဟုပြောလျှင် သူအမှန်တကယ်ဗိုက်ဆာမှန်းသင်နားလည်ပြီး၊မီးဖိုဆောင်ကပေါင်မုန့်ကိုယူပေးပြီး၊သူ့ကိုပေးပါလိမ့်မည်။

ကျွန်ုပ်တို့ သည်လည်း ကောင်းကင် ပေါင်မုန့် ကို လေးလေးနက်နက်တောင်းလျှင် ကျွန်ုပ်တို့ ရပါမည်။ဤအမျိုးသမီးသည် အလွန့်အလွန် စိတ်အားထက်သန်သောကြောင့်သူမ၏ ဆုတောင်းချက်ချင်း အဖြေရခဲ့သည်။

တစ်ခါတစ်ရံ၊သင့်ကလေး စကားပြောသောအခါ သင့်သူငယ်ချင်းများကနားမလည် နိုင်သော်လည်း အမေကတော့ကောင်းမွန်စွာနားလည်ပေးပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ နှလုံးသားထဲကဖြစ်လျှင် ကျွန်ုပ်တို့ စကားကို ဘုရားသခင် နားလည်ပါသည်။ ကျွန်တော်တို့ ဆုမတောင်းနိုင်ဘူးဆိုတာ မိမိကို လှည့်ဖြားခြင်းဖြစ်သည်။ ကျွန်ုပ်တို့အမှန် တကယ်လိုချင်လျှင်ကျွန်ုပ်တို့ ဆုတောင်းမှာပါ။ လှပသောစကားလုံးများဖြင့် ဆုတောင်းခြင်း၊ ချောမွေ့သောစကားများဖြင့်ဆုတောင်းခြင်းကအဖြေရနိုင်ခြင်းမဟုတ်ပါ။ လေးလံ၍လောင်ကျွမ်းသော နှလုံးသားမှ ထွက်လာသော ဆုတောင်းခြင်းဖြင့်အဖြေကိုရရှိနိုင်သည်။ အလွန် ဆင်းရဲသော အမျိုးသမီးက 'ကိုယ်တော်ကယ်မပါ'ဟု ငိုကြွေးသောအခါ သူမ၏ငိုကြွေးသံက ဘုရားသခင် ထံကြေးနန်းရိုက်သကဲ့သို့ ဖြစ်ပြီး၊ ကောင်းကြီးမင်္ဂလာများ ဆင်းသက်လာခဲ့သည်။

ထို့ကြောင့် သင်သည်လည်း ဆန္ဒရှိလျှင် ဆုတောင်းနိုင်ပါသည်။ နှလုံးသား၏တောင့်တမှုကို ဘုရားသခင်သည်နှစ်သက်၍အဖြေပေးသည်။

ဆုတောင်းသည့်အခါအဖြေရဖို့ရန် မျှော်လင့်ပါ။

ကောင်းကြီးမင်္ဂလာကိုအမှန်တကယ်ခံစားမည်ဟု ကျွန်တော်တို့မျှော်လင့်ချက်ရှိရမည်။ တပ်မှူးကသူ၏ ငယ်သားကျန်းမာစေလိုသောကြောင့်သူကိုယ်တိုင်သခင် ယေရှုကိုတွေ့ပြီးတောင်းဆိုရန် မထိုက်တန်မှန်းသိ၍ အသနားခံရန်သူ့မိတ်ဆွေကိုစေလွှတ်ခဲ့သည် (လုကာ၊ ၇း၂-၁၀)။ သခင်ကိုတွေ့ဖို့ လူကိုစေလွှတ်သောအခါ အိမ်ကိုကြွလာဖို့အပင်ပန်းမခံပါနဲ့၊ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်'ဟု ပြောခဲ့သည်။ ဂျူးလူမျိုးများထံသခင်ယေရှုပြောခဲ့သည်မှာ'ဤမျှ လောက်သောယုံကြည်ခြင်းကို ဣသရေလမျိုးခွပင် ငါမတွေ့ဘူးသေး'။ ဤတပ်မှူး၏ ယုံကြည်ခြင်းကိုအံ့သြသွားခဲ့သည်။ သခင်ယေရှုကို ကျေနပ်စေသောကြောင့် ထိုနေရာ၌ပင်ချက်ချင်းကျန်းမာစေခဲ့သည်။ ယုံကြည်ခြင်းကအဖြေကိုယူဆောင်ပေးသည်။

အမတ်တစ်ယောက်၏သား မနာမကျန်းရှိခြင်းကိုယောဟန်၊ ၄း၄၆-၅၃တွင်တွေ့နိုင်ပါသည်။ ကလေးအဖေကသခင့်ရှေ့သို့ဒူးထောက်ပြီး၊အကျွန်ုပ်၏သားသေခါနီးပြီ၊ လာကယ်ပေးပါ၊ဟုတောင်းပန် လေ၏။ ဤနေရာတွင် သူ၏ စိတ်အားထက်သန်ခြင်း နှင့်ယုံကြည်ခြင်းကို ကျွန်တော်တို့တွေ့နိုင်ပါသည်။ သခင်ကလည်း သူ့ကိုချက်ချင်းအဖြေပေးခဲ့သည်။ အမတ်၏သားကလည်း ထိုအချိန်နာရီတွင်ကျန်းမာခြင်းရခဲ့သည်။သခင်ခရစ်တော်ကအမတ်၏ယုံကြည်ခြင်းကိုအလွန်လေးစားဂုဏ်ယူခဲ့သည်။

ယခုအဖြစ်အပျက်တွင် သခင်ယေရှု၏ စကားမှအပ အခြားအားကိုးစရာမရှိပါ။ သခင့်စကားတစ်ခွန်းကလုံလောက်ခဲ့ပါသည်။စိတ်နှလုံးထဲတွင်အမြဲတမ်းမှတ်သားရန်ယုံကြည်ခြင်း၏အရာသည်ဖန်ဆင်းထားသောအရာမဟုတ်ပါ၊ ဖန်ဆင်းရှင်ကိုယ်တော်တိုင်ဖြစ်ပါသည်။ ကိရိယာ တန်ဆာပလာလည်းမဟုတ်ပါ။ ထိုကိရိယာများကို ကိုင်တွယ်သောသူ၏ လက်ရုံးတော်ဖြစ်ပါသည်။

ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည်ယုံမှားခြင်းနှင့်ကင်းသောယုံကြည်ခြင်းရှိလျှင် သင်္ဘောသဖန်းပင်၌ပြုသကဲ့သို့သင်တို့ ပြုနိုင်သည်သာမက၊ ထိုတောင်ကိုပင်နေရာမှရွေ့လော့၊ ပင်လယ်၌ကျလော့ဟုဆိုလျှင်ဆိုသည့် အတိုင်းဖြစ်လိမ့်မည်။ ယုံကြည်ခြင်းပါလျက်ပဌနာပြု၍ဆုတောင်းသမျှတို့ကို သင်တို့သည်ရကြလိမ့်မည်ဟုမိန့်တော်မူ၏(မဿဲ၊ ၂၁း၂၁-၂၂)။ Prevailing Prayer by D.L.Moody မှအကျဉ်းချုံး ကောက်နှုတ်သည်။

ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်းသတင်းကောင်းကို ပြန်ပြီထုတ်နိုင်သောကြောင့် ဘုရားသခင်ကို အထူးကျေးဇူးတင်ပါသည်။ အခက်အခဲများရင်ဆိုင်သည့်အခါ ယုံကြည်ခြင်း ခိုင်မာမှု၊ စတ်ရှည်သည်းခံခြင်းများ၊ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကိုးစားခြင်း၊ နှုတ်ကပတ်တော်နှင့်ကတိတော်များကိုလက်တွေ့အသုံးပြုရန်အလွန်လိုအပ်ကြောင်းသတင်းကောင်ကိုဖက်ခြင်းအားဖြင့်သိရှိနိုင်ပါသည်။ စာဖက်ပရိသတ်မိတ်ဆွေအားလုံးလည်းခွန်အားယူကြမည်ဟုယုံကြည်ပါသည်။ မြန်မာဘာသာဖြင့် အုပ်ရေ၁၀၀၀နှင့် ဟားခါးချင်းစကားဖြင့်အုပ်ရေ ၅၀၀ ပုံမှန်ထုတ်ပါသည်။ မိမိအတွက် နှင့် အသင်းတော်အတွက်အောက်ပါလိပ်စာဖြင့်ဆက်သွယ်မှာယူနိုင်ပါသည်။

ခရစ်တော်၌

Rev. Run Lian,
P.O.Box 1349,
Yangon, Myanmar
Tel: ၀၉ ၄၅၂၀၀ ၂၃၅၄,
Email: gracerunlian@gmail.com